ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ စနေနေ့။ Saturday, 26 October 2024 ၁၁၆၂၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့တာဝန်ထမ်းဆောင်ကြရမည့် စာသင်ကျောင်းအသီးသီးတွင်ရှိသည့် ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန် အရည်အချင်းပြည့်ဝသည့် ပညာတတ် လူကောင်း၊ လူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်

## ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ စာမတတ်သူပပျောက်ရေးနှင့် စာတတ်သူတိုင်း စာဖတ်ကြရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ငုရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

### တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် က အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



### အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကျောင်းသား ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲများ ကျင်းပ**

စာမျက်နှာ » ၁၀

**မြန်မာအမျိုးသားလေကြောင်းလိုင်း ရန်ကုန်-ပုသိမ်-ညောင်ဦး - မန္တလေး ခရီးစဉ်အား အောက်တိုဘာ ၂၇ ရက်မှစ၍ အချိန်ပြောင်းလဲ ပျံသန်းပြေးဆွဲမည်**

စာမျက်နှာ » ၁၆

**အဆောက်အအုံများအတွင်းရှိ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး**

ဆောင်းပါး စာမျက်နှာ » ၁၉

ကြေးမုံ

# နည်းပညာနှင့် ကုန်သွယ်မှုမျှဝေ အရေးပါသည့်မိတ်ဖက်ထူထောင်

မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်း ရှည်လျားစွာ ထိစပ်နေသည့် အရှေ့တောင်အာရှ၏ တစ်ခုတည်းသော နိုင်ငံဖြစ်သည်။ အိန္ဒိယအရှေ့မြောက်ဘက်တွင် ကုန်းတွင်းနယ်နိမိတ် ထိစပ်နေသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ရေနယ်နိမိတ် ထိစပ်နေသောနိုင်ငံဖြစ်သည်။ ရှေးကာလ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်ကတည်းကစ၍ ဘာသာသာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ စီးပွားရေး၊ လူမှုရေးမှအစ ကူးလူးဆက်နွှယ်ခဲ့သည့် တစ်မြေတည်း၊ တစ်ရေတည်းနိုင်ငံဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့မှစ၍ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ သံတမန်ဆက်ဆံရေး စတင်ခဲ့သည်။ သမိုင်းကြောင်းတစ်လျှောက်တွင် နှစ်နိုင်ငံအကြား အလွန်ထူးခြားသည့် မိတ်ဖက်ဆက်ဆံရေးနှင့် နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ထူထောင်ထားနိုင်ခဲ့သည်။ ပထဝီဝင်အနေအထားအရ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှတို့အကြား အချက်အချာကျသည့်နေရာတွင် တည်ရှိနေပြီး တောင်အာရှနှင့် အရှေ့တောင်အာရှကို ဆက်သွယ်ပေါင်းကူးပေးခြင်းကြောင့် အရေးပါသည့်နိုင်ငံများဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ "အိမ်နီးချင်းဦးစားပေးဝါဒ"နှင့် "အရှေ့နှင့်ထိတွေ့ဆက်ဆံရေးမူဝါဒ" တို့၏ ဆုံမှတ်တွင် တည်ရှိနေသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ သံခင်းတမန်ခင်း အင်ဒို-ပစိဖိတ်ဒေသတွင်း၌ အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေသည်။

အိန္ဒိယနိုင်ငံသည် ဆေးဘက်ဆိုင်ရာ၊ နည်းပညာနှင့် စီးပွားရေးဆိုင်ရာတို့တွင် အဆင့်အတန်းမြင့်မားသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံနှင့်ပတ်သက်၍ အစဉ်အဆက် အထောက်အကူပြုလျက်ရှိသည်။ ၂၀၂၄ ခုနှစ် အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၌ ကျင်းပခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပြီး "အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ တန်ဖိုးအထားရဆုံး ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိနေမည်ဟု မျှော်လင့်ယုံကြည်မိကြောင်း၊ ယခု အိန္ဒိယနည်းပညာနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် နှစ်နိုင်ငံအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ကဏ္ဍများစွာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရေးတို့အတွက် မြဲမြံသည့်အုတ်မြစ်သဖွယ် လမ်းစဖော်မြင့်တင်ပေးခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း" ပြောကြားခဲ့သည်။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ အသိပညာမျှဝေမှု၊ မိတ်ဖက်ထူထောင်မှု၊ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေး ပိုမိုရရှိရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ရာမှတစ်ဆင့် ဆောင်ရွက်မှုတို့အပေါ်ထားရှိသည့် သန္နိဋ္ဌာန်ကို ညွှန်းပြသော အမှတ်တံဆိပ်တစ်ခုအဖြစ် ကာလရှည်ကြာရပ်တည်ဆောင်ရွက်နေသည့် အစီအစဉ်ကောင်းတစ်ခုဖြစ်သည်။ အဆိုပါအစီအစဉ်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် စတင်ခဲ့ရာ ယခုအခါ စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၆၀ တို့မှ ဝန်ထမ်းပေါင်း နှစ်သိန်းကျော်ကို လေ့ကျင့်ပေးနိုင်ခဲ့သည်။

အိန္ဒိယနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ ဘာသာရပ်အလိုက် ဘွဲ့လွန်သင်တန်းများစွာနှင့် သုတေသနအစီအစဉ်များ ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရသည်။ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလအထိ ပညာသင်ဆု ၉၀၀ ကျော် ကမ်းလှမ်းလာခဲ့သည့်အတွက် အိန္ဒိယအစိုးရကို ကျေးဇူးတင်ရမည်ဖြစ်သည်။ တတ်ကျွမ်းမှတ်သားလာသည့် ကျွမ်းကျင်မှုနှင့် အသိပညာများဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်များတွင် တီထွင်ကြံဆမှုနှင့် သုတေသနလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးနှင့် နိုင်ငံတော် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အကျိုးများစွာဖြစ်ထွန်းခဲ့သည်။ မြန်မာနိုင်ငံ၏ သဘာဝဘေးဖြစ်စဉ်များတွင် အရေးပေါ်အကူအညီများ ချက်ချင်းဆောင်ရွက်ပေးခဲ့သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ကြိုတင်သတိပေးစနစ်အတွက် ပထဝီသတင်းအချက်အလက်နှင့် အဝေးအာရုံခံစနစ် ရရှိမည်ဆိုလျှင် ပျက်စီးဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။

နှစ်(၆၀)ပြည့် အောင်မြင်မှုအစီအစဉ်တွင် နှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့ပြီး ဒစ်ဂျစ်တယ်မှုခင်းသိပ္ပံဓာတ်ခွဲခန်းအဆင့်မြှင့်တင်ရေး၊ ဆိုလာစွမ်းအင်အသုံးပြု၍ ကျေးလက်ထောက်ပံ့ရေး၊ အသိဉာဏ်တုဆိုင်ရာ ဓာတ်ခွဲခန်းတည်ဆောက်ခြင်း၊ ရေပလတ်စတစ်ဖြစ်စဉ်များမှရရှိသော လောင်စာများ ပေါင်းစပ်သုံးစွဲခြင်း စသည့်အကျိုးများသောစီမံကိန်းများကို ဖော်ဆောင်နိုင်ခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် နှစ်(၆၀)ပြည့်မှသည် နောင်လာမည့်နှစ်များတွင်လည်း နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမှုနှင့် အောင်မြင်မှုများ ပိုမိုဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်မည်ဟုမျှော်လင့်သည်။ နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် တူညီသည့် မျှော်မှန်းချက်များကိုအခြေပြုပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းကောင်းဆက်ဆံရေး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ခိုင်မြဲလာမည်ဟု ယုံကြည်ပါကြောင်း။ ။

## အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အစမ္ပခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အစမ္ပခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အစမ္ပခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အစမ္ပခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီမှ အစမ္ပခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice 51@ gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အစမ္ပခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အစမ္ပခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Unitrust Enterprise Group of Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် AIQAR ICAR03 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၅ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၅၀၀ | ၃၄၆ | ၂,၉၀၆,၇၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၅၆ | ၁၈၅,၃၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၇ | ၅၈,၈၀၀ |
| FPB | ၂,၀၀၀ | ၂,၀၅၀ | ၉၁၉ | ၁,၈၇၉,၇၀၀ |
| TMH | ၂,၈၀၀ | ၂,၈၅၀ | ၁၃၀ | ၃၆၉,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၈၂၅ | ၁,၄၀၂,၅၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၂၅ | ၁၀၇,၅၀၀ |
| MAEX | ၃,၄၀၀ | ၃,၃၅၀ | ၉၄၅ | ၃,၁၆၅,၈၅၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားဒိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆)မှ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးစဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်အနေဖြင့် လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သည်မှ ယခုအခါ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

**ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထား ပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်း အပေါ်တွင် မူတည်နေကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စာသင်ကျောင်း ဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာ မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးဖြစ်ရန်လည်း လိုအပ်ကြောင်း၊ **“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း မိမိတို့၏ တပည့်ကျောင်းသား ကျောင်းသူများကို ကျောင်းစည်းကမ်း လိုက်နာခြင်းက အစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် ကိုယ်တိုင်လေ့လာတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် လေ့ကျင့်ပေးသွားကြရန် လိုအပ်ကြောင်း။ **စာမျက်နှာ ၄ သို့ »»»**

❖ **အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့်လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်းအပေါ်တွင် မူတည်**

❖ **တာဝန်ကျရာဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» စာမျက်နှာ ၃ မှ

လူသားများ၏ဘဝသည် အသိပညာ၊ အတတ်ပညာ ပြည့်စုံမှု ရှိ၊ မရှိ အပေါ်တွင် မူတည်ပြီး ကွာခြားမှုများ၊ ပြောင်းလဲမှုများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ငယ်စဉ်ကတည်းက ပညာကို တစိုက်မတ်မတ်ဖြင့် ဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြပါက ဘဝအတွက် ပိုမို အကျိုးရှိမည်ဖြစ်ကြောင်း၊ ပညာ တစ်စိတ်တစ်ပိုင်းဖြင့် ကျောင်းထွက်ကြရပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာကိုဆုံးခန်းတိုင် မသင်နိုင်ကြပါက ပညာပြည့်ဝသင့်သလောက် မပြည့်ဝနိုင်ဘဲ ဘဝတွင် လိုအပ်ချက်များ ရှိနေကြမည်ပင်ဖြစ်ကြောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့် အစရှိသည့် ပညာကိုသင်ယူပါက သင်ယူနိုင်သလောက် ဘဝတွင်လိုအပ်ချက်များ ပြည့်စုံနိုင်သည်ကို မိမိကိုယ်တွေ့နှင့် နှိုင်းယှဉ်ပြီး မိမိတို့တပည့်များအား ပညာကို သင်ယူနိုင်သလောက်သင်ယူကြရန်၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်သူ၊ ပါရဂူများဖြစ်သည်အထိ ကြိုးစားသွားကြရန်၊ တိုက်တွန်းလေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်း။

လူသားတစ်ယောက် အတွက် အတတ်ပညာ ပြည့်ဝရေးသည် အခြေခံလိုအပ်ချက် ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆ ပြည့်စုံမှန်ကန်ရေးသည်လည်း မရှိမဖြစ် လိုအပ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းသည် ပညာရေးနှင့် ဆက်စပ်နေခြင်းဖြစ်သဖြင့် မောင်တို့၊ မယ်တို့ ရောက်ရာဒေသ၊ တာဝန်ကျသည့်နေရာများတွင် အောင်မြင်အောင် ပူးပေါင်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ဦးထမ်းပဲ့ထမ်း တာဝန်ထမ်းဆောင်**

မျက်မှောက်ကာလ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ မြန်မာနိုင်ငံသားတိုင်း ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာ အာဏာကို ကာကွယ်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် အမျိုးသားရေး တာဝန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် တပ်မတော်ကို ပြည်သူ့အားဖြင့် ပူးပေါင်းကူညီကြရမည် ဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ပြည်သူနှင့်တပ်မတော် အတူတကွ ဦးထမ်းပဲ့ထမ်း တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးစဉ်။

**ညီညီညွတ်ညွတ်ဖြင့်ကြိုးစား**

တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည်ကို မိမိတို့တစ်တွေ ဖြတ်သန်းခဲ့သည့်သမိုင်းက ပြဆိုခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားဖြင့်သာ အဓိကထား တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မြေပေါ်၊ မြေအောက်နှင့် ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်များ ရှိနေသည့် မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားကြပါက မိမိတို့နိုင်ငံသည် ဒေသတွင်းမှာသာမက ကမ္ဘာ့ထိပ်တန်းအဆင့်အထိ ရောက်ရှိမည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု နိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် "တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ တို့အားလုံးသည် သွေးချင်း ညီအစ်ကိုများဖြစ်ပြီး အရေးကြီးရင် သွေးနီးကြရမည်" ဆိုသည့်စိတ်၊ "တောင်ပေါ်မြေပြန့်မခွဲခြား၊ တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်" ဆိုသည့်စိတ်၊ "မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် မိသားစုများ" ဆိုသည့် စိတ်ဓာတ်များပင် ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»»

- ❋ မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်
- ❋ အထူးသဖြင့် မိမိတို့ စာပေပညာသင်ကြားပေးရမည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းပြီး နိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော မွန်မြတ်သည့် စိတ်စေတနာကောင်းများ ထာဝရရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပေးကြရန် အဓိကထားမှာကြားလို



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၆)ကျောင်းသား ကျောင်းသူများကိုယ်စား မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော် ဂါရဝပြု ကျေးဇူးတင်စကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» **စာမျက်နှာ ၄ မှ**

ထို့ကြောင့် မောင်တို့၊ မယ်တို့ အနေဖြင့် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် မိမိတို့စာပေ ပညာသင်ကြားပေးရမည့် တိုင်းရင်းသား လူငယ်များကို ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းပြီး နိုင်ငံ၏ ကောင်းကျိုးကို သယ်ပိုး ဆောင်ရွက်လိုသော မွန်မြတ်သည့် စိတ်စေတနာကောင်းများ ထာဝရ ရှင်သန် ဖြစ်ထွန်းနေအောင် လေ့ကျင့်ပေးကြရန် အဓိကထား မှာကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို အန္တိမ ရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည်များကို စတင်ပြင်ဆင် ဆောင်ရွက်နေပြီ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့ တာဝန် ထမ်းဆောင်ကြရမည့် စာသင်ကျောင်း အသီးသီးတွင် ရှိသည့် ကျောင်းသား ကျောင်းသူ လူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန် အတွက် အရည်အချင်းပြည့်ဝသည့် ပညာတတ် လူကောင်း၊ လူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ စာမတတ်သူ ပပျောက်ရေးနှင့် စာတတ်သူတိုင်း စာဖတ်ကြရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

**ဂါရဝပြု**
**ကျေးဇူးတင်စကားပြောကြား**

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၆)ကျောင်းသား ကျောင်းသူများ ကိုယ်စား မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော်က ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့အား အချိန်ပေးတွေ့ဆုံပြီး သိသင့် သိထိုက်သည်များကို လမ်းညွှန်ဩဝါဒပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ လမ်းညွှန်မှုများကို မိမိတို့အတွက် အရေးပါသည့် လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် ခံယူပြီး အလေးအနက်ထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းညွှန်မှုများတွင် ပါဝင်သည့် နိုင်ငံသားများအားလုံး အသိပညာ၊ အတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရေး၊ အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးတို့တွင် မိမိတို့အနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု အလေးအနက်ထား ကတိပြုတင်ပြအပ်ပါကြောင်း၊ သင်တန်းဆင်းပြီးနောက် ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရချိန်တွင်လည်း နိုင်ငံတော်က ပြုစုပျိုးထောင် ပေးထားသည့် သားကောင်း၊ သမီးမွန်များ ပီသစွာ နိုင်ငံ့သားကောင်းစိတ်ဓာတ်ဖြင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက်အားပေးခဲ့ပြီး ကျောင်းသားကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ရရှိလာအောင် စည်းရုံးဦးဆောင်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့်နိုင်ငံများ၊ ယခုသွားရောက် တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်မှာ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိုသေရန်လိုကြောင်း၊ သံတမန်ဆက်ဆံရေးတွင် "ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဆိုသည့်အတိုင်း ရန်သူကို မိတ်ဆွေဖြစ်အောင် ပြုလုပ်၍ မိမိ၏ပန်းတိုင်သို့ ရောက်ရှိအောင် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေးတိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သံတမန်တစ်ဦးအနေဖြင့် သံခင်းတမန်ခင်းကျွမ်းကျင်မှုအပြင် ညှိနှိုင်းဆွေးနွေးမှု၊ နည်းနာကျွမ်းကျင်မှုနှင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာသင်ယူစေလိုကြောင်း၊ အများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ခြင်းသည် လုပ်ငန်းကို ပိုမိုထိရောက် ခရီးရောက်စေသည့်အတွက် ညီညွတ်မှုရှိကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* ကျောဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ် အေးချမ်းရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Ms.Ma Jia အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့ညနေပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - တရုတ် မီဒီယာကဏ္ဍ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံမီဒီယာအဖွဲ့များ အပြန်အလှန်လည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်းသာမက ပြည်သူအချင်းချင်းပါ ပိုမိုချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုရှိစေရန်အတွက် မီဒီယာကဏ္ဍမှ လိုအပ်သည်များ ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# (၁၂) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

(၁၂) ကြိမ်မြောက် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး (ASEAN Ministerial Meeting on Disaster Manage- ment- AMMDM) နှင့် ဆက်စပ်အစည်းအဝေးများကို ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

အောက်တိုဘာ ၂၄ ရက်က ကျင်းပသည့် အစည်းအဝေးတွင် ဖိလစ်ပိုင်နိုင်ငံက အာရှပစိဖိတ်ဒေသ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဖိုရမ်ကျင်းပပြီးစီးခဲ့မှု အခြေအနေ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်နေမှုအခြေအနေ၊ AHA Centre က ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက် မျှဝေမှုကိစ္စရပ်များ၊ အာဆီယံအရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဌာန (Emergency Operation Center- EOC)နှင့် အာဆီယံနိုင်ငံများရှိ EOC များ ချိတ်ဆက်မှုလေ့ကျင့်ဆောင်ရွက်ခဲ့မှု၊ ဖိလစ်ပိုင်နိုင်ငံ၊ မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ လူသားချင်းစာနာမှုအကူအညီ ထောက်ပံ့ပစ္စည်းများ ပေးပို့နိုင်ခဲ့မှု၊ အာဆီယံသိုလှောင်ရုံများသို့ ထောက်ပံ့ပစ္စည်းများ ဖြည့်ဆည်းရန် စီမံထားရှိမှုများ၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံသဘောတူစာချုပ်ပါလုပ်ငန်းများ အကောင်အထည်ဖော်ရေး စီမံချက်လုပ်ငန်းအဖွဲ့ သုံးခု၏ အစည်းအဝေးများ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစီအစဉ်များ ဖော်ဆောင်နိုင်မှု၊ ထောက်ပံ့ငွေများ၊ အကူအညီများ ရရှိ/သုံးစွဲမှု၊ ဆောင်ရွက်ရန် လျာထားသည့် စီမံကိန်းများ၊ AHA Centreနှင့် နားလည်မှုစာချွန်လွှာ ရေးထိုးရန် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အဖွဲ့ဝင်နိုင်ငံဝန်ကြီးများက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် အာဆီယံနှင့် တရုတ်နိုင်ငံ ဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးကို ကျင်းပပြီး အာဆီယံ-တရုတ် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန ထူထောင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို တရုတ်နိုင်ငံဘက် ပေးပို့ထားရှိမှု၊ အာဆီယံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် AADMER Work Program အကောင်အထည် ဖော်ရေး လုပ်ငန်းစီမံချက် နယ်ပယ် ၂၃ ခု ဆောင်ရွက်နေမှု၊ အာဆီယံ-တရုတ် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ ချိတ်ဆက်လျှော့ချရေးမူဘောင် ရေးဆွဲနေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးအတည်ပြု**

ယင်းနောက် အာဆီယံ-ဂျပန် ဘေးအန္တရာယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို ကျင်းပပြီး အာဆီယံ-ဂျပန် ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းနယ်ပယ်များ၊ ကိုရီးယားနိုင်ငံနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသီးခြားစီကျင်းပခဲ့ပြီး အာဆီယံ-ကိုရီးယား ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့မှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းလုပ်ငန်းများ အကောင်အထည်ဖော်ရေးစီမံချက် AADMER Work Program အကောင်အထည်ဖော်နိုင်ရန် အိန္ဒိယနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဥရောပသမဂ္ဂတို့နှင့် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဝန်ကြီးများအဆင့်အစည်းအဝေးမတိုင်မီ အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ဘရူနိုင်းနိုင်ငံ၌ပင် ကျင်းပပြုလုပ်ခဲ့ကြောင်းနှင့်




အစီအစဉ်များ၊ ထုတ်ပြန်ကြေညာမည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအတည်ပြုခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ သဘောတူစာချုပ်ပါကော်မတီကိုယ်စား AHA Centre တို့ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများ ဖြစ်သော အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၄၅) ကြိမ်မြောက်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့က ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေး စီမံခန့်ခွဲမှုလုပ်ငန်းများ၊ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်အားပေး



နေပြည်တော် အောက်တိုဘာ ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများ တက်ရောက်အားပေးကြသည်။

**စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများပေးအပ်**

စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စေတနာရှင်သွေးလှူရှင် စုစုပေါင်း ၃၅ ဦးတို့က လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများက လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ သက်ဆိုင်ရာဆေးရုံများနှင့် သွေးဌာနများတွင် ပြုလုပ်ခဲ့ရာ စုစုပေါင်း ၂၁၀ သွေးလှူဒါန်းကြကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် (၁၄) ကြိမ်မြောက် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို တက်ရောက်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းများအနေဖြင့် ဆွေးနွေးပွဲမှရရှိသည့် အသိအမြင် ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိမိသားစု၊ မိမိပတ်ဝန်းကျင်သို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ မိမိကစပါဝင်ပြီး အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ တားဆီးရန်၊ ငြင်းဆိုရန် တိုက်တွန်းလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ပုဒ်ဖြစ်သည့် " အဂတိပယ်ခွာပြည်သာယာ " ဆိုသည့် ဆောင်ပုဒ်အတိုင်း အဂတိတရားကင်းစင်သည့် လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခုလို ဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ဦးဆောင်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# လစဉ်မီတာများ စနစ်တကျမှန်ကန်စွာဖတ်ရှုရေးနှင့် ဓာတ်အားလက်ခံမီတာနှင့် ဓာတ်အားဖြန့်ဖြူးမှုမီတာများ စီမံချက်ဖြင့် အမြန်တပ်ဆင်ရေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံတို့တွင် လစဉ်မီတာများ စနစ်တကျမှန်ကန်စွာ ဖတ်ရှုရေး၊ ဓာတ်အားပျောက်ဆုံးမှုများ မှန်ကန်စွာသိရှိနိုင်ရန် ဓာတ်အားလက်ခံမီတာနှင့် ဓာတ်အားဖြန့်ဖြူးမှုမီတာများ စီမံချက်ဖြင့် အမြန်တပ်ဆင်သွားရေး ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ဦးစွာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ၃၃ ကေဗွီ ဓာတ်အားခွဲရုံမှ စက်မှုဇုန်စက်ရုံများသို့ ဓာတ်အားဖြန့်ဖြူးထားရှိမှုနှင့် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ လစဉ်မီတာများ စနစ်တကျမှန်ကန်စွာဖတ်ရှုရေး၊ လစဉ်ယူနစ်ဖတ်ချက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားရှိရေး မှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ဒဂုံတက္ကသိုလ် ဓာတ်အားခွဲရုံ၊ စက်မှုဇုန်အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၄) ဓာတ်အားခွဲရုံများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တရားမဝင်ဓာတ်အားသုံးစွဲမှုများ မရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှုများ မှန်ကန်စွာ သိရှိနိုင်ရေးအတွက် ဓာတ်အားလက်ခံမီတာနှင့် ဓာတ်အားဖြန့်ဖြူးမှုမီတာများကို စီမံချက်ဖြင့် အမြန်တပ်ဆင်ရန်၊ စက်မှုဇုန်သုံးဖီဒါများနှင့် အများပြည်သူသုံးဖီဒါများအား စနစ်တကျ ခွဲခြားဖြန့်ဖြူး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ-YESC**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသား)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးရဲထက်နှင့်အဖွဲ့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)ပြိုင်ပွဲ၌ ပူးတွဲပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဇော်ထွေး(ခ)မိုးထက်အောင် မြန်မာ့ရိုးရာအကအလှများကို ပေါ်လွင်စေသည့် ကကြိုးကကွက်များဖြင့် ကပြယှဉ်ပြိုင်စဉ်။




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မနန္ဒာအေး “ဇမ္ဗူကျွန်းလုံး”(သီချင်းခံ) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။




ရုပ်သေးကြိုးဆွဲပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ပွင့်နဒီမောင် မင်းသားကြိုးဆွဲ ရုပ်သေးရုပ်ဖြင့် ယှဉ်ပြိုင်ဟန်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသား)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးမှ ဦးဘိုဘိုမင်း “ပန်းစုံတဲ့တော” သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။




ကဗျာလွတ်အကပြိုင်ပွဲ အခြေခံပညာအဆင့်(၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ကရင်ပြည်နယ်မှ မဆုသစ်သစ်နှင့်အဖွဲ့ ကပြယှဉ်ပြိုင်စဉ်။




ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ မောင်ဝေယံပိုင် (ခ) ပိုင်ပိုင်နီ "သမုဒ္ဒ ဝါဏိဇဇာတ်တော်" ဖြင့် ဟောပြောယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့် (အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မလင်းလက်နွယ် "သုံးဆယ့်ရှစ်ဖြာမင်္ဂလာ" သီချင်းဖြင့် ရသပေါ်လွင်အောင် ဖော်ကျူးသီဆိုယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသား)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ချင်းပြည်နယ်မှ မောင်အောင်သက်ပိုင်မှူး "တောမြိုင်ခြေလမ်း (ယိုးဒယား)" သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



အကပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်(အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရှမ်းပြည်နယ်မှ မဆုယွန်းရွှေရည် ကကြိုးကကွက်စုံလင်စွာဖြင့် ကပြယှဉ်ပြိုင်စဉ်။




အရေးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ချမ်းငြိမ်းသော် "ထံတျာတေအစ မဟာဂီတ"ခေါင်းစဉ်ဖြင့် ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်စဉ်။




ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ ဝါသနာရှင် ပထမတန်းအဆင့်(အမျိုးသမီး)ပြိုင်ပွဲ၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဒေါ်ချစ်စုဝေစတင်းနှင့်အဖွဲ့ ဤသို့ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ခဲ့ကြသည်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။


ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်များကိုလည်းကောင်း၊ စစ်နည်းဗျူဟာဘာသာရပ်ကို လည်းကောင်း စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။


ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

### နိုင်ငံသားတိုင်းတွင်တာဝန်ရှိ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။




ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ် (Esprit De Corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့ တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

၁။ ဒီသင်တန်းတက်ရောက်ရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကိုကာကွယ်ဖို့နဲ့ နိုင်ငံကလိုအပ်လာတဲ့အခါ ကျွန်တော့်ဘက်က အသင့်ဖြစ်အောင်လို့ ဒီသင်တန်းကိုလာရောက်တက်တာပါ။ ကျွန်တော်က တစ်ကျောင်းလုံးရဲ့ ကိုယ်စားအနေနဲ့ စံပြဆုကိုရရှိခဲ့တာပါ။ ဒီဆုကိုရရှိဖို့ အတော်ကို ကြိုးစားခဲ့ရပါတယ်။ သင်ခန်းစာတွေအားလုံးကို စိတ်ပါဝင်စားစွာနဲ့ လုပ်ဆောင်ခဲ့ပါတယ်။ အကျင့်စာရိတ္တကောင်းမွန်အောင် စည်းကမ်းကအစအကုန်လုံးကို တလေးတစားနဲ့လိုက်နာလုပ်ဆောင်ခဲ့ရပါတယ်။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မယ်။ နောက်ပြီး နိုင်ငံတော်ကိုလည်း ကာကွယ်လို့ရတယ်။ ကျွန်တော်တို့သင်တန်းကာလတွေပြီးသွားတဲ့အခါ၊ ကိုယ့်တာဝန်ကိုယ်ပြီးဆုံးတဲ့အခါ ကျွန်တော်တို့ရပ်ရွာမှ မိသားစုတွေကိုလည်း ကာကွယ်လို့ရတယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။ စစ်ပညာတွေလည်း သင်ကြားတတ်မြောက်ပြီးဖြစ်တဲ့အတွက် ကျရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်မယ်လို့ စိတ်ကူးထားပါတယ်ခင်ဗျ။

၂။ ကျွန်တော်လာရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကိုကာကွယ်ဖို့နဲ့ ကျွန်တော်တို့ မိသားစုကို ကာကွယ်နိုင်ဖို့အတွက်ဝင်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီမှာသင်ကြားခဲ့တဲ့ပညာရပ်တွေနဲ့ မိသားစုတင်မကဘဲနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက်ကော၊ ပြည်သူလူထုအတွက်ကော၊ နိုင်ငံတော်အတွက်ပါ ကာကွယ်သွားဖို့ အစီအစဉ်ရှိပါတယ်။ သင်တန်းကရတဲ့ အကျိုးကျေးဇူးတွေကတော့ အများနဲ့ ဆောင်ရွက်တတ်တာတွေ၊ ပြီးတော့ ကိုယ်ချင်းစာနာတတ်မှုတွေ ဒီရောက်မှပိုပြီးသိလာတယ်။ နောက်ပြီး တပ်မတော်သားတွေရဲ့ အနေအထိုင်ပြုမူကျင့်ကြံတာတွေ နားလည်လာတယ်။ ပင်ပန်းနွမ်းနယ်မှုတွေ၊ ရှေ့တန်းမှာပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ကာကွယ်ပေးရတဲ့ ရည်ရွယ်ချက်တွေ၊ ပြီးရင် ဆောင်ပုဒ်တွေ အများကြီးနားလည်လာတယ်။ သိရှိလာရတယ်။ ဒီအတွက် ကိုယ်ချင်းလည်းစာတယ်။ ဒါတွေကိုသိလာရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် စစ်သားဖြစ်ရတာကို ဂုဏ်ယူပါတယ်။ စရောက်တော့ တော်တော်လေးခက်ခဲပါတယ်။ နောက်မှ တဖြည်းဖြည်းချင်း Step by Step သွားရင်းနဲ့မှ သူငယ်ချင်းတွေနဲ့၊ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်လာတယ်။ အဲဒီအားသာချက်လေးတွေရှိလာတယ်။ ဒီရောက်တော့ စည်းကမ်းရှိလာတယ်။ အရာရာအားလုံးလည်း ပြတ်သွားတယ်။ အရင်တုန်းက တော်တော်လေးဆိုးခဲ့တဲ့ဘဝကနေ အခုဆို တော်တော်လေးလိမ္မာလာတယ်လို့ ကိုယ့်ကိုယ်ကိုယ်မြင်မိတယ်။ လာရောက်ပြီး နောက်ထပ်သင်တန်းတက်မယ့် ညီအစ်ကိုတွေအတွက် ဘာမှအားမငယ်ပါနဲ့။ ဒီကိုရောက်ရင်အားလုံးအဆင်ပြေမှာပါ။ ဒီရောက်လာရင် ပိုပြီးစည်းကမ်းရှိလာမယ်။ အမိန့်နာခံတတ်လာမယ်။ အများနဲ့ ပူးပေါင်း ဆောင်ရွက်တတ်လာမယ်။ အဲဒီအကျိုးကျေးဇူးတွေရမှာပါ။ ညီအစ်ကိုတို့အနေနဲ့ ဒီရောက်တဲ့အခါမှာလည်း ဘာမှကြောက်နေစရာမလိုပါဘူး။ အားလုံး အဆင်ပြေသွားမှာပါလို့ပြောချင်ပါတယ်ခင်ဗျ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။


ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ




ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၅**

ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်း ကော်မတီ စတုတ္ထအကြိမ် ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယ ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ် ကိုလေး၊ ဦးရဲတင့်၊ ဒေါ်နုမြဲ၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာ အောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အလွှတ်ခုန် လေထီးသရုပ်ပြအဖွဲ့မှ တာဝန်ရှိ သူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်း အရုံး(ဗဟို)နှင့် မြန်မာနိုင်ငံဟာသ ပညာရှင်များ အစည်းအရုံး(ဗဟို) တို့မှ တာဝန်ရှိသူများက အွန်လိုင်း မှ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်း အနား ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသား အားကစားပွဲတော် သည် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး အတွက် ရည်ရွယ်ကျင်းပသည့် အနှစ်သာရ ပြည့်ဝသော ပွဲတော်တစ်ခုဖြစ် ကြောင်း၊ ကျောင်းသား ကျောင်းသူ များ၏ စွမ်းရည်နှင့်လူငယ်များ၏ အားမာန်ကိုပြသသည့် အားကစား ပွဲတော်ကြီးဖြစ်ပြီး အမျိုးသား စိတ်ဓာတ်များ နိုးကြားလာစေရေး စွမ်းဆောင် ဖော်ထုတ်သွားမည် ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ ပြည်သူများနှင့် နိုင်ငံတကာမှ လာရောက်အားပေးကြည့်ရှုနိုင်စေ ရေး စီမံဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ နိုင်ငံနှင့်ပြည်သူတို့အတွက် အရေးပါသည့် အခမ်းအနားဖြစ် သည့်အတွက် အလေးအနက်ထား ပူးပေါင်း ဆောင်ရွက်ကြစေလို ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်း အနား အောင်မြင်စွာကျင်းပနိုင် ရေး ဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အစီ အမံများနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဲက ပါဝင်ဖျော်ဖြေ တင်ဆက်မည့်ခေတ်ခြောက်ခေတ် အကတွင်ဝတ်ဆင်မည့် ခေတ် အလိုက် ဝတ်စုံနမူနာပုံစံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး များဖြစ်သည့် ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်းနှင့် ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တိုင်းဒေသ ကြီး၊ ပြည်နယ်အလံများနှင့် အမျိုးသား အားကစားပွဲတော် အလံကို Free Fall ဖြင့် ကွင်း အတွင်း သယ်ဆောင်ခြင်း၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေ တင်ဆက်မည့် အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာဆောင်ရွက် ထားရှိမှုများ၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ် ချက်များနှင့်စပ်လျဉ်း၍ အကြံပြု တင်ပြကြသည်။

ထို့နောက် ပညာရေးဝန်ကြီး ဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင် သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း၊ အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး တို့မှ တာဝန်ရှိသူများနှင့် တက်ရောက် လာကြသူများက ကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော် အကအလှများဖြင့် ဖျော်ဖြေတင်ဆက်နိုင်ရေး၊ မီးရှူး မီးပန်း အလှဆင်ပစ်ဖောက်ရန် ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live) ရိုက်ကူး ထုတ်လွှင့်ရေး ဆောင်ရွက်မည့် အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင်ပါဝင်မည့် ဖျော်ဖြေရေး အစီအစဉ်များ၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရေး ဆောင် ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများ နေပြည်တော်ရှိ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ ကြည့်ရှုလေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စီစဉ်ကျင်းပသည့် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ကြ သည့် အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင် သံကြားသို့ရောက်ရှိပြီး ကပြဖျော်ဖြေတင်ဆက်မှုများ၊ သတင်းထုတ်လွှင့်မှုများ၊ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ သတင်းစာတိုက်များနှင့် နေပြည်တော်ပုံနှိပ်စက်ရုံ တို့ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။(ယာပုံ)

ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံး အတွက် မီဒီယာနှင့်သတင်းအချက်အလက် သိနားလည် မှုဆိုင်ရာတိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်း ရယူမှုအခြေအနေ တိုးမြှင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုနိုင်ရန်၊ ကမ္ဘာတစ်ဝန်းရှိပြည်သူ လူထု အသိပညာများမြှင့်တင်ရေး စည်းရုံးနှိုးဆော်မှု များ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ်အဖြစ် UNESCO က ဦးဆောင်၍ ၂၀၁၂ ခုနှစ်မှစတင်ကာ ကမ္ဘာတစ်ဝန်းတွင်ကျင်းပလာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ ပါဝင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ရေဖြူ အောက်တိုဘာ ၂၅**

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့၏စီမံမှုဖြင့်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက် များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ် ရှိန် မြှင့်တင်ရေးပွဲတော်ဆုချီးမြှင့် ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရေဖြူမြို့ အခြေခံ ပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



**စာဖတ်သည့်**

**အလေ့အထရစေရေး လေ့ကျင့်**

အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်လင်း နိုင်က တိုင်းပြည်၏စွမ်းအား အရင်းအမြစ်ဖြစ်သည့်ကျောင်းသား ကျောင်းသူများ ကျောင်းစာကြည့် တိုက်များကို အသုံးချတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေ ရန်အတွက် ဆရာ ဆရာမများက ဆောင်ရွက်ပေးကြရန်၊ အားလပ် ချိန်တွင် ကျောင်းစာကြည့်တိုက်၌ စာဖတ်သည့် အလေ့အထရရှိ စေရေး လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း ပြောကြား သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌက အထက်တန်း အဆင့် ကျပန်းစကားပြောပြိုင်ပွဲ တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ကာ တက်ရောက်လာသော ဌာနဆိုင်ရာ အကြီးအကဲများက ကျပန်းစကားပြောပြိုင်ပွဲ (အလယ် တန်း)၊ စာစီစာကုံးပြိုင်ပွဲ (အထက် တန်း)၊ စာစီစာကုံးပြိုင်ပွဲ (အလယ် တန်း)၊ ပုံပြင်ပြောပြိုင်ပွဲ (ထက်/ လယ်/မူ)၊ ကဗျာရွတ်ပြိုင်ပွဲ (မူလ တန်း)နှင့် လူငယ်စာပေဆွေးနွေးပွဲ တို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရေဖြူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနက ကျောင်းစာကြည့် တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ကျောင်း စာကြည့်တိုက်မှူး ဒေါ်ဝါဝါခိုင်က လက်ခံရယူပြီး အလှူရှင်များက အလှူငွေများ လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံ ရယူခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ထူးခြားသည့် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ တောင် တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ် နေသော အားကောင်းသောအပူ ပိုင်းမုန်တိုင်း "ထရမ်မီ" သည် အနောက်ဘက်သို့ ရွေ့လျား ခဲ့သည်။ အဆိုပါ အားကောင်း သောအပူပိုင်းမုန်တိုင်း "ထရမ်မီ" သည် အနောက်ဘက်သို့ ဆက်လက် ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးခြင်းနှင့် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီက ထောက်ပံ့သည့် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် တစ်သိန်းနှုန်းဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများပေးအပ်သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ တက်ရောက်ကုသမှုခံယူနေသူတစ်ဦးအား အားပေးစကားပြောကြားစဉ်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ခိုလမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကု ဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နှင့် ပြည်မြို့တို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၅**

ကလေးမြို့နယ် ကြို့သုံးပင်(၁၁)ရပ်ကွက်နေ စစ်မှုထမ်းဟောင်း အဖွဲ့ဝင် တပ်ကြပ် ငွန်ဒိုထန်(အငြိမ်းစား) အသက် ၁၀၁ နှစ်နှင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သား ဒေါင်လွမ်း(အငြိမ်းစား) အသက် ၁၀၃ နှစ်တို့အား ယမန်နေ့က သက်ဆိုင်ရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုထောက်ပံ့ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တပ်ကြပ် ငွန်ဒိုထန်(အငြိမ်းစား)ကို မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြု နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် ကလေးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို ဂါရဝပြု ထောက်ပံ့ပေးအပ်သည်။

အလားတူ တပ်သား ဒေါင်လွမ်း(အငြိမ်းစား)ကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြုနှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်က ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ ကချင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် မြစ်ကြီးနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ထောက်ပံ့ငွေကျပ် ၅၀၀၀၀ တို့ကို ဂါရဝပြု ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပျဉ်းမနားမြို့နယ်၌ လူငယ်စာဖတ်ဝိုင်း ကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ စာရေးဆရာ နတ်သျှင်(ရွှေဂူ) ရေးသားသည့် “လူငယ်များကိုပျိုးထောင်ပေးပါ” စာအုပ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ စာအုပ်ပါ အကြောင်းအရာများဖြစ်သည့် လူငယ်နှင့် အပေါင်းအသင်း၊ လူငယ်နှင့် ရွှေရောင်အနာဂတ်ဆီသို့၊ အမူအကျင့်ဆိုးများ၊ လူငယ်နှင့် အချိန်၏ တန်ဖိုး၊ အပြစ်တင်မစောပါနဲ့၊ ဆုံးမသည် ဆိုရာဝယ်၊ စကားအန္တရာယ်၊ အတွေးများ လှစေချင်သည်၊ စာဖတ်ခြင်းအတတ်ပညာ၊ ငြိမ်းချမ်းသော မိသားစုဆီသို့၊ ပတ်ဝန်းကျင်ကောင်းကို တန်ဖိုးထားပါ၊ မိတ်ဆွေကောင်းနှင့် ခရီးသွားပါစေသည့် ခေါင်းစဉ်များဖြင့် လူငယ်များက ဆွေးနွေးကြသည်။




ထို့နောက် ကျောင်းသား ကျောင်းသူ လူငယ်များ၏ ဆွေးနွေးမှုများအပေါ် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် စာရေးဆရာ ဆရာမများက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်း အတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အင်ဒိုနီးရှားနိုင်ငံက BRICS အဖွဲ့တွင်ပါဝင်ပြီး ထွန်းသစ်စနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆန္ဒရှိ

ဂျကာတာ အောက်တိုဘာ ၂၅

အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့တွင် ပါဝင်ပြီး ထွန်းသစ်စနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြောင်း သိရသည်။

အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဆူဂျီရီယိုနိုသည် အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပသည့် BRICS Plus ထိပ်သီးအစည်းအဝေး၌ အထက်ပါကိစ္စရပ်နှင့် ပတ်သက်ပြီး ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယင်းသို့ အကျိုးတူပူးပေါင်းမှုသည် ကမ္ဘာ့တောင်ဘက်ခြမ်းနိုင်ငံများ (The Global South) အကျိုးစီးပွားကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း ဆူဂျီရီယိုနိုက ပြောကြားသည်။ ထို့ပြင် သမ္မတ ပရာဘိုဝို ဆူဘီယန်တို၏ မူဝါဒများကို ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ အင်ဒိုနီးရှား အစိုးရအဖွဲ့သစ်သည် စားရေရိက္ခာနှင့် စွမ်းအင်လုံခြုံရေးကို အလေးပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အစုအဖွဲ့တစ်ခုအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း မဟုတ်ဘဲ BRICS ၏ ဖိုရမ်အားလုံးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း ဆူဂျီရီယိုနိုက ပြောကြားသည်။

ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကတို့သည် BRICS အဖွဲ့ဝင်များဖြစ်သည်။ အီရန်၊ အီဂျစ်၊ အီသီယိုးပီးယားနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့သည် မကြာသေးမီက ဝင်ရောက်ခဲ့သည့်အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။




အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံဖြစ်ပြီး လူဦးရေ သန်း ၂၈၀ ခန့်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် BRICS အဖွဲ့ဝင်ဖြစ်လာပါက BRICS အဖွဲ့တွင် ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးမျှရှိလာမည်ဖြစ်သည်။ ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်

## အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့၌ ဆိုင်ကလုန်းမုန်တိုင်း ဒါနာ ဝင်ရောက်တိုက်ခတ်

နယူးဒေလီ အောက်တိုဘာ ၂၅



အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ရှိ ကမ်းရိုးတန်းဒေသများတွင် အောက်တိုဘာ ၂၅ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဒါနာ ဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဆိုင်ကလုန်း မုန်တိုင်းကြောင့် ဩရိဿပြည်နယ် ကန်ဒရာ ပါယာခရိုင်နှင့် ဗဒတ်ခရိုင်တို့တွင် မြေပြိုမှုများ ဖြစ်ပွားပြီး ဩရိဿပြည်နယ်နှင့်အနောက်ဘင်္ဂလားပြည်နယ်တို့တွင် လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များ ကျိုးကျကာ ဓာတ်တိုင်များ ပြိုလဲပျက်စီးပြီး သီးနှံများထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

ပြည်နယ်နှစ်ခုလုံး၌ စာသင်ကျောင်းများပိတ်ထားကာ ရထားခရီးစဉ် ၄၀၀ ကျော်ကို ဖျက်သိမ်းခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောသည်။

လက်ရှိအချိန်တွင် ဒေသခံ တစ်သန်းခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

သဘာဝဘေး ခံစားခဲ့ရသည့် ခရိုင်များတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ဒေသန္တရ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် အမျိုးသားသဘာဝဘေးတုံ့ပြန်ရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း ထရာမီ တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေ ၈၁ ဦး ရှိလာ

မနီလာ အောက်တိုဘာ ၂၅

ဖိလစ်ပိုင်နိုင်ငံ၌ ယခုသီတင်းပတ်အတွင်း ဝင်ရောက်တိုက်ခတ်ခဲ့သည့် အပူပိုင်းမုန်တိုင်း ထရာမီကြောင့် သေဆုံးသူဦးရေ ၈၁ ဦးအထိ ရှိပြီး ၂၀ ခန့် ပျောက်ဆုံးလျက်ရှိကြောင်း ဖိလစ်ပိုင်အာဏာပိုင်များက ယနေ့ပြောကြားသည်။

အဆိုပါ သေဆုံးသူများတွင် မနီလာမြို့တော် တောင်ဘက်ပိုင်းရှိ ဘာတန်ဂက်စ်ပြည်နယ်မှ ၄၇ ဦးနှင့် အရှေ့တောင်ဘက်ပိုင်းရှိ ဘီကိုလ်ဒေသမှ ၂၈ ဦးတို့ ပါဝင်သည်။

ထို့ပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိနေရာအများအပြားတွင် သေဆုံးသူ ခြောက်ဦးရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ၎င်းတို့အနက် ကိုးနှစ်အရွယ်ကလေး တစ်ဦးနှင့် တစ်လသားကလေးငယ်တစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

ယခုနှစ် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် ၁၁ ခုမြောက် တိုင်ဖွန်းမုန်တိုင်းထရာမီသည် လူဇုန်ကျွန်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ဘီကိုလ်ဒေသနှင့် ကာလာဘာဇွန်ဒေသတို့တွင် ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများဖြစ်ပွားကာ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်း အနည်းဆုံးဒေသ ၁၅ ခုရှိ ဒေသခံ ၂ ဒသမ ၆ သန်းကျော်သည် ထရာမီမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ဆိုးရွားစွာထိခိုက်ခံစားခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်



## ခရီးသည်များလိုက်ပါမည့် အာကာသယာဉ်တစ်စင်း အာကာသအတွင်းသို့ တရုတ်အာကာသကုမ္ပဏီ လွှတ်တင်မည်

ပေကျင်း အောက်တိုဘာ ၂၅

တရုတ်အာကာသကုမ္ပဏီဖြစ်သည့် Deep Blue Aerospace သည် ၂၀၂၇ ခုနှစ်တွင် ခရီးသည်များလိုက်ပါမည့် အာကာသယာဉ်တစ်စင်းကို အာကာသထဲသို့ လွှတ်တင်မည်ဖြစ်ကြောင်း အေးရှားဝမ်းသတင်းဝက်ဘ်ဆိုက်တွင် ယနေ့သတင်းဖော်ပြသည်။



အဆိုပါအာကာသယာဉ်ဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်နှစ်ဦးအတွက် လက်မှတ်နှစ်စောင်ကို ယွမ် ၁ ဒသမ ၅ သန်းဖြင့် ရောင်းချခဲ့ပြီး ကျန်ရှိသည့်လက်မှတ်များကို လာမည့်လတွင် ထပ်မံရောင်းချမည်ဖြစ်သည်။

ယခုအာကာသယာဉ်ဖြင့် လိုက်ပါမည့်ခရီးသည်များသည် အာကာသထဲသို့ရောက်ရှိမည်ဖြစ်သော်လည်း ကမ္ဘာ့ပတ်လမ်းအတွင်းသို့ ဝင်ရောက်မည်မဟုတ်ဘဲ ၎င်းခရီးသည်များအား အာကာသယာဉ်တစ်စင်းဖြင့် ခွဲထုတ်ခေါ်ဆောင်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံရှိ အခြားကုမ္ပဏီများကလည်း အာကာသခရီးသွားလုပ်ငန်း ဆောင်ရွက်ရန်စီစဉ်မှုများ ပြုလုပ်လျက်ရှိသည်။ ၂၀၂၈ ခုနှစ်တွင် အာကာသအတွင်းသို့ ခရီးသည်များ ပါဝင်သည့် အာကာသယာဉ်များ ထပ်မံလွှတ်တင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီ၏လုပ်ငန်းအဖွဲ့တစ်ခုဖြစ်သည့် CAS Space က ပြောကြားသည်။ ကိုးကား - အေးရှားဝမ်း၊ ဘာသာပြန် - စိုးသူရ

## အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၄၅၀၀၀ ကျော်အထိ ရှိလာ

အဒစ်အဘာဘာ အောက်တိုဘာ ၂၅

အာဖရိကဒေသ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၄၅၀၀၀ ကျော်အထိ ရှိလာကြောင်း အာဖရိကဒေသ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီက ယနေ့ပြောကြားသည်။

ဒေသတွင်းရှိ နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် ရောဂါအတည်ပြု ကူးစက်ခံရသူ ၉၁၁၄ ဦးရှိပြီး သေဆုံးသူ ၁၀၀၀ ကျော်ရှိကြောင်း အာဖရိကဒေသ ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ယွန်ကက်ဆီယာက ပြောကြားသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့၌ မျောက်ကျောက်ရောဂါ ထပ်မံကူးစက်ခံရသူ အရေအတွက်သည် အာဖရိကဒေသတွင်း မျောက်ကျောက်ရောဂါ ထပ်မံကူးစက်ခံရသူအရေအတွက်၏ ၉၆ ရာခိုင်နှုန်းရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ဗဟိုအာဖရိကဒေသတွင်လည်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူအရေအတွက်သည် ယမန်နှစ်ကထက် ပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံတို့၌ လက်ရှိအချိန်တွင် မျောက်ကျောက်ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## အစ္စရေး၏ တိုက်ခိုက်မှုကြောင့် လက်ဘနွန်သတင်းထောက်သုံးဦး သေဆုံး

ဘေရွတ် အောက်တိုဘာ ၂၅

လက်ဘနွန်နိုင်ငံ၌ ယနေ့နံနက် အစောပိုင်းက အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုကြောင့်လက်ဘနွန်သတင်းထောက်သုံးဦးသေဆုံးပြီး သုံးဦးထိခိုက်ဒဏ်ရာရခဲ့ကြောင်း လက်ဘနွန်ဆေးဘက်ဆိုင်ရာနှင့် စစ်ဘက်သတင်းရင်းမြစ်များအရ သိရသည်။

အစ္စရေးမောင်းသူမဲ့ ဒရုန်းတစ်စင်းသည် လက်ဘနွန်အရှေ့တောင်ဘက် ဟာဘာနီမြစ်အရှေ့ဘက်ကမ်း ဟာဘာယာမြို့တွင်ရှိသော သတင်းထောက်များ တည်းခိုလျက်ရှိသည့် ဟိုတယ်တစ်ခုသို့ ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့သည်။

အစ္စရေး၏တိုက်ခိုက်မှုကြောင့် ဟိုတယ်အတွင်းရှိ တိုက်ခန်းလေးခန်းနှင့် အနီးဝန်းကျင်ရှိ လူနေအိမ်ငါးလုံးပျက်စီးခဲ့ပြီး သတင်းထောက်များအသုံးပြုသည့် ကားခုနစ်စီးလည်း ပျက်စီးဆုံးရှုံးခဲ့သည်။

သေဆုံးသူ သတင်းထောက် သုံးဦးမှာ Al-Manar TV မှ Ghassan Najjar၊ Mohammad Reda နှင့် Wissam Qassem တို့ဖြစ်သည်။ ထိခိုက်ဒဏ်ရာရခဲ့သည့် သတင်းထောက်သုံးဦးမှာ Zakaria Fadel၊ Hassan Hattit နှင့် Ali Shaib တို့ဖြစ်သည်။

လက်ဘနွန်တောင်ပိုင်း ပဋိပက္ခစတင်ကတည်းက အစ္စရေး၏ ပစ်ခတ်မှုကြောင့် သတင်းထောက်အများအပြား သေဆုံးခဲ့သည်။ အစ္စရေးတပ်မတော်သည် ဟစ်ဇ်ဘိုလာအဖွဲ့နှင့် တင်းမာမှုများ တိုးမြင့်လာမှုကို တုံ့ပြန်သည့်အနေဖြင့် စက်တင်ဘာ ၂၃ ရက်မှစပြီး လက်ဘနွန်နိုင်ငံ၌ လေကြောင်းစစ်ဆင်ရေးကို အရှိန်မြှင့်ဆင်နွှဲလျက်ရှိသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး အောက်တိုဘာ ၂၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက တန်ဆောင်တိုင်ပွဲတော်အား ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တန်ဆောင်တိုင်ပွဲတော်ကို ယခင်နှစ်များနည်းတူ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး လပြည့်နေ့တွင် လူဦးရေ ၁၅၀၀၀ အား စတုဒိသာကျွေးမွေးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များအပြင် မီးပုံးပျံလွှတ်ပွဲ၊ MSMEs ဈေးရောင်းပွဲတော်များ၊ ဖျော်ဖြေရေးယာဉ်ဖြင့် မြို့တွင်းလှည့်လည်ဖျော်ဖြေခြင်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ တန်ဆောင်တိုင်ကာလ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲများ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် အခြားအလှူအတန်းပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် မြို့မိ/မြို့ဖများက ပဲခူးမြို့အစဉ်အလာအတိုင်း တန်ဆောင်တိုင်ပွဲတော်ကျင်းပနိုင်ရေး ကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်အသင်း အောင်မြင်မှုရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

တောင်ကြီး အောက်တိုဘာ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်အသင်း အောင်မြင်မှု ရရှိစေရေးအတွက် ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အောင်နိုင်ရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်သိန်းက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေးကြိုတင် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အားကစားနည်းအလိုက် ကော်မတီများမှ တာဝန်ရှိသူများက စခန်းသွင်းလေ့ကျင့်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အားကစားနည်းအလိုက် အောင်နိုင်ရေးကော်မတီဥက္ကဋ္ဌများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ အမျိုးသားအားကစားပွဲတော် အောင်နိုင်ရေးကော်မတီ၊ ဆပ်ကော်မတီ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။ **ဖော်နိုင်လင်း**

# သရက်မြို့၌ အထူးကုဆရာဝန်များ ကျေးရွာအရောက် အခမဲ့ကွင်းဆင်းကုသ

သရက် အောက်တိုဘာ ၂၅

မကွေးတိုင်းဒေသကြီး သရက်မြို့၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏လမ်းညွှန်မှုဖြင့် သရက်ခရိုင်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်များက အခမဲ့ ကွင်းဆင်းကုသခြင်းကို ယမန်နေ့က စမ်းအိုင့်ကျေးရွာမြောက်ကျောင်း ဆူပုတ်ကုန်း ဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သန့်လေးသန့်နှင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါအကြောင်း အသိပညာပေးဟောပြောပြီး ခရိုင်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ဒေါက်တာ ညွန့်ရွှေအောင်ဦးဆောင်သောအရိုးအကြော၊ သွားနှင့် ခံတွင်း၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်၊ ကလေးအထူးကုဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက စုစုပေါင်းလူနာ ၁၉၁ ဦးအား ကုသပေးခဲ့ကြကြောင်း သိရသည်။ **ဖော်ထက်(သရက်)**






# မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်အား အောက်တိုဘာ ၂၇ ရက်မှစ၍ အချိန်ပြောင်းလဲ ပျံသန်းပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန်- ပုသိမ်-ညောင်ဦး- မန္တလေးခရီးစဉ်များကို အောက်တိုဘာ ၂၇ ရက်မှစတင်၍ လေယာဉ်အချိန်များကို မွန်းလွဲပိုင်းအချိန်သို့ ပြောင်းလဲပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန် - ပုသိမ် - ညောင်ဦး- မန္တလေးခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၁၁ နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့ ညနေ ၃ နာရီတွင်လည်းကောင်း၊ တနင်္လာနေ့တွင် မန္တလေး-ညောင်ဦး- ပုသိမ် – ရန်ကုန်ခရီးစဉ်များကို မန္တလေးမှ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ ညနေ ၃ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၄ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၅ နာရီ မိနစ် ၅၀ တွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ငွေကျပ် ၁၆၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၁၉၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၁၁၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀၊ မန္တလေးမှ ပုသိမ်သို့ ငွေကျပ် ၃၆၀၀၀၀ သတ်မှတ်ထားပြီး ATR 72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြိုဆိုဂုဏ်ပြု

**ပုသိမ် အောက်တိုဘာ ၂၅**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရေဝတီတိုင်းဒေသကြီးကိုယ်စားပြုအသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ယမန်နေ့ညပိုင်းက ပုသိမ်တက္ကသိုလ်ရှေ့၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများက ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် အဆိုပါပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ကြသူများအား ယနေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေနှင့် Sea & Lake Garden သို့ အပန်းဖြေခရီး ပို့ဆောင်ခဲ့သည်။

ဦးစွာ ပြိုင်ပွဲဝင်ခဲ့ကြသူများသည် ချောင်းသာကမ်းခြေတစ်လျှောက် အပန်းဖြေခြင်း၊ ရေကူးခြင်း၊ အလှဓာတ်ပုံများ ရိုက်ကူးခြင်းများဖြင့် အေးချမ်းပျော်ရွှင်စွာ အနားယူခဲ့ကြပြီး Azura Hotel ၌ တည်ခင်းဧည့်ခံကျွေးမွေးသည့် နေ့လယ်စာများကို သုံးဆောင်ခဲ့ကြသည်။



ယင်းနောက် အဆိုပါအဖွဲ့များသည် Sea & Lake Garden ဒီရေတောတံတား၊ ကျောက်စိမ်းပြတိုက်၊ သစ်သားများဖြင့် ထွင်းထုထားသည့် ပန်းပုရုပ်တုပြတိုက်နှင့် အသဲတစ်ရာဥယျာဉ်တို့တွင် လေ့လာလည်ပတ်ကြည့်ရှုခြင်းများအပြင် အခြားလည်ပတ်စရာ နေရာများသို့လည်း လွတ်လပ်ပျော်ရွှင်စွာ လည်ပတ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်း“ဒါနာ” တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရ

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့မွန်းတည့် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်ခဲ့သော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ရောက်ရှိခဲ့ကာ ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ”အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” သည် အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၂၅ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ HED ရေတံခါး ၂၀ ချပ် ထောင်ထားပါသဖြင့် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိတော့ဘဲ ရေပိုမိုသိုလှောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ ၂၅-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၅.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၂၈၇ | ၆၂၅.၄၈ | ၅၅၈၃၉၇ | ၁၇၆၄၄ (လျှပ်စစ်) ထုတ်ရေ) | - | - | - | - | ၀.၃၀ | ၆၂၅.၈၁ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၇.၆၅ | ၂၈၇၆၁ | - | ၇.၃၅ | ၇၇၃၉ | - | - | ၀.၁၀ | ၆၂၇.၆၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၂ | ၅၁၉.၁၀ | ၈၉၃၁၃ | ၂၇၂ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၀၄ | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၉ | ၅၀၉.၇၀ | ၁၀၅၅၆ | ၁ | ၂.၃၀ | ၁၇၀၁ | - | - | - | ၅၀၉.၇၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၈၀ | ၄၃၇.၇၉ | ၆၉၃၇၀ | ၂၈၆ | ၁.၂၁ | ၃၆၃၀ | - | - | - | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂၃ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၅.၈၁ | ၇၄၈၂ | ၁၁ | ၂.၁၉ | ၁၂၃၆ | - | - | - | ၄၁၅.၈၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၂၈ | ၇၀၃.၇၂ | ၁၀၈၆၃၂ | ၂ | ၆.၂၈ | ၃၄၄၅၈ | - | - | - | ၇၀၃.၇၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၅ | ၆၀၁.၉၀ | ၄၉၅ | ၆၁ | ၀.၁၀ | ၅ | - | - | ၀.၂၃ | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၂၀) ချပ်ထောင်ထားပါသည်။

# အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သူများအား ကြိုဆိုဂုဏ်ပြု

**မော်လမြိုင် အောက်တိုဘာ ၂၅**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူအဖွဲ့သားများအား အောက်တိုဘာ ၂၄ ရက် ညနေပိုင်းက သံလွင်တံတား(မော်လမြိုင်)တွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ၊ ပြည်သူများက အောင်သပြေခက်နှင့် ဂုဏ်ပြုပန်းခြင်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

ယင်းနောက် ကြိုဆိုဂုဏ်ပြုခြင်းအခမ်းအနားကို မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲများနှင့် မဟာဇနကဇာတ်တော်ကြီး ပြိုင်ပွဲတွင် ပထမဆု(ရွှေတံဆိပ်ဆု)များ ရရှိသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အနုပညာအရည်အချင်းများဖြင့် ကြိုးစားအားထုတ်ယှဉ်ပြိုင်ခဲ့ကြ၍ ရွှေတံဆိပ်ဆု ၁၈ ခု၊ ငွေတံဆိပ်ဆု ခြောက်ခု၊ ကြေးတံဆိပ်ဆု ၁၁ ခုနှင့် အထူးဆု နှစ်ဆု ရရှိခဲ့ကာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွင် အဆင့်(၄) ရရှိခဲ့သည့်အတွက် ပြည်နယ်အတွက် ဂုဏ်ဆောင်စွာ ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် နောင်နှစ်ပြိုင်ပွဲများတွင်လည်း မိမိတို့၏ အနုသုခုမပညာရပ်များကို အစွမ်းကုန်ထုတ်ဖော်ပြသ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် ပြည်နယ်၏ဂုဏ်ကို ဆက်လက်မြှင့်တင် စွမ်းဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ဂုဏ်ပြုအမှာစကား ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး ဂုဏ်ပြုအားပေး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးဧက သိန်း ၃၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးရန် စီမံဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈)စက်မှုလယ်ယာစခန်း မြို့နယ်ဦးစီးမှူးရုံးသို့ရောက်ရှိပြီး မြို့နယ်၊ ကျေးရွာအလိုက် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာ ပိုင်ဆိုင်မှုစာရင်းများ မှန်ကန်စွာ ကောက်ယူရေး၊ ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးခဲ့သော လယ်ယာမြေများ ပြန်လည်ထွန်ယက်ပေးနိုင်ရေး၊ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုအသင်းများနှင့် ချိန်ညှိပေါင်းစပ်လုပ်ဆောင်ပေးရန် ဆွေးနွေးမှာကြားကာ စခန်းအတွင်းရှိ ဝန်ဆောင်မှုလုပ်ငန်းများတွင် အသုံးပြုနေသော ထွန်စက်ကြီးများ၊ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် နှစ်ဆောင်ပြိုင်ကျေးရွာအုပ်စု ခပေါင်းဆည်ရေသောက်စနစ်၊ လက်ဝဲတူးမြောင်း မကြီး ပေတိုင်-၇၃၀၀ အနီး ရာဂီမုန်တိုင်းအရှိန်ကြောင့် တူးမြောင်းပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီးအတွင်း နွေစပါးဧက သိန်း ၃၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးရန်နှင့် စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရေးအတွက် ရေပိုမိုသိုလှောင်နိုင်ရေးနှင့် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တောင်ငူမြို့နယ် ဒေင်ကြက်မွေးမြူရေးခြံသို့ရောက်ရှိကြပြီး မျိုးမြှင့်သားစပ်ထားသော ကြက်မျိုးသန့်များ ထုတ်လုပ်နေမှု၊ မြန်မာ့ရွှေဒင်္ဂါး (RIR)မျိုးသန့် ကြက်မနှင့် ပြည်ပမှ တိုက်ရိုက်တင်သွင်းလာသည့် အသားတိုးနှုန်း အထူးမြင့်မားကောင်းမွန်သော မျိုးကြက်ထီးများကို စနစ်တကျမွေးမြူပြီး မေထုန်မဲ့ သားစပ်နည်းဖြင့် မျိုးစပ်သားဖောက်ထားသော Super Chick(H.B) အသားတိုးကြက်မျိုးများ မွေးမြူထားရှိနေမှု လုပ်ငန်းများကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အုတ်တွင်းမြို့နယ် ဝါးတီးကျေးရွာအုပ်စုတွင် ရာဂီမုန်တိုင်းအရှိန်ကြောင့် ဝါးတီး-အုန်းပင်တာ ပျက်စီးထိခိုက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးခဲ့သည့် တာနေရာများတွင် ပြန်လည်ပြုပြင်သွားရန်အတွက် လိုအပ်သည့် ဒီဇိုင်းပုံစံအတိုင်း စနစ်တကျ ပြန်လည်ပြင်ဆင်နိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကာ တောင်ငူမြို့နယ် ကေတုမတီကျုံးအတွင်းသို့ ရေဝင်လမ်းကြောင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**ဟုမ္မလင်း အောက်တိုဘာ ၂၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲနှင့် သီးနှံအထွက်နှုန်း တိုးတက်ရေး နည်းပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးက စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ရာ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၁၈ ရွာတို့အား စပါးမျိုးများ၊ နေကြာမျိုးစေ့၊ Gypsum မြေသြဇာနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပစ္စည်းများအား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ သီးနှံအထွက်နှုန်း တိုးတက်ရေး နည်းပညာပေး သင်တန်းပို့ချခဲ့ရာ ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမိုးမင်းက မိုးစပါးအပြီး နေကြာသီးထပ်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ပြီး ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်ဇာဇာလှိုင်က Gypsum မြေသြဇာအသုံးဝင်ပုံ၊ ဒုတိယလက်ထောက်ဦးစီးမှူး ဒေါ်စုရှိုင်းမွန်က တောင်သူများကိုယ်တိုင် စပါးမျိုးများ ထိန်းသိမ်းမျိုးပွားစိုက်ပျိုးခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# ထားဝယ်မြို့၌ စက်ချုပ်လုပ်ငန်းသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ထားဝယ် အောက်တိုဘာ ၂၅**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်မြို့နယ် အလယ်ကုန်းကျေးရွာနှင့် ဇလွန်းကျေးရွာတို့တွင် ဖွင့်လှစ်သည့် စက်ချုပ်သင်တန်းများမှ လုပ်ငန်းထူထောင်မည့်သူ ငါးဦးတို့အား လုပ်ငန်းသုံးပစ္စည်းထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်က ခေတ်နှင့်လျော်ညီသော နည်းပညာများကို လေ့လာသင်ယူရင်း အောင်မြင်သည့် လုပ်ငန်းရှင်များဖြစ်အောင် ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ကျေးရွာများမှ လုပ်ငန်းထူထောင်မည့်သူများအား တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ စက်ချုပ်လုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်ကာ စက်ချုပ်လုပ်ငန်းရှင်တစ်ဦးက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။



တနင်္သာရီတိုင်း ဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် ယခုဘဏ္ဍာနှစ်တွင် လုပ်ငန်းစီမံကိန်းအစီအစဉ်ဖြင့် ထားဝယ်ခရိုင်တွင် လေးရွာ၊ မြိတ်ခရိုင်တွင် သုံးရွာနှင့် ကော့သောင်းခရိုင်တွင် သုံးရွာ စုစုပေါင်း ၁၀ ရွာတို့တွင် ၎င်းတို့ ဆောင်ရွက်လိုသော လုပ်ငန်းအမျိုးအစားအလိုက် နည်းပညာသင်တန်း နှစ်ကြိမ်စီ ဖွင့်လှစ်ပို့ချခဲ့ပြီး လုပ်ငန်းထူထောင်မည့်သူ စုစုပေါင်း ၅၀ အား ငွေကျပ် ၁၄ သိန်းစီ တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အဆောက်အအုံများအတွင်းရှိ လေထုညစ်ညမ်းမှုနှင့် ကျန်းမာရေး

ဒေါက်တာဇေယျာဝင်း



အဆောက်အအုံအတွင်းရှိ လေထုညစ်ညမ်းမှု (Indoor Air Pollution) ဟာ အချိန်မတိုင်ခင် သေဆုံးရခြင်းရဲ့ အဓိကအကြောင်းအချက်ဖြစ်ပါတယ်။ အဆောက်အအုံအတွင်း လေထုညစ်ညမ်းမှုကို အသံတိတ်လူသတ်သမားလို့တောင် ဝိဂြိုဟ်ပြုကြပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ အဆောက်အအုံအတွင်းရှိလေထုညစ်ညမ်းမှုကြောင့် တစ်နှစ်မှာ လူပေါင်း ၄ ဒသမ ၆ သန်းခန့် သေဆုံးရတယ်လို့ဆိုပါတယ်။ ဝင်ငွေနိမ့်ပါးတဲ့နိုင်ငံတွေမှာ ပိုမိုဆိုးရွားပြီး နှစ်စဉ် အကြောင်းအမျိုးမျိုးနဲ့ သေဆုံးမှုအားလုံးရဲ့ ခြောက်ရာခိုင်နှုန်းခန့်ဟာ အဆောက်အအုံအတွင်းရှိ လေထုညစ်ညမ်းမှုတွေကြောင့်ဖြစ်ပါတယ်။ ဝင်ငွေနိမ့်နိုင်ငံနဲ့ ဝင်ငွေမြင့်မားတဲ့နိုင်ငံတွေ နှိုင်းယှဉ်ကြည့်ပါက အဆောက်အအုံအတွင်း လေထုညစ်ညမ်းမှုကြောင့် သေဆုံးရမှုတွေဟာ အဆ ၁၀၀၀ ခန့်တောင် ပိုမိုများပြားတယ်လို့ ဆိုပါတယ်။

ဒါပေမဲ့ ၁၉၉၀ ပြည့်နှစ်တွေနဲ့ နှိုင်းယှဉ်ရင်တော့ အဆောက်အအုံအတွင်း လေထုညစ်ညမ်းမှုကြောင့် သေဆုံးမှုဟာ ကမ္ဘာပေါ်မှာ တစ်နှစ်ကို တစ်သန်းခန့် လျော့ကျလာကြောင်းလည်း သိရပါတယ်။ အဆောက်အအုံအတွင်း လေထုညစ်ညမ်းမှု အများစုဟာ ထင်းမီးသွေးအသုံးပြု ချက်ပြုတ်ကြတာကြောင့် ဖြစ်ပါတယ်။ သန့်ရှင်းတဲ့စွမ်းအင် အသုံးပြုချက်ပြုတ်နိုင်မှုဟာ ကမ္ဘာပေါ်မှာ ၆၀ ရာခိုင်နှုန်းခန့်သာ ရှိပါတယ်။ အဆိုပါ သန့်ရှင်းစွမ်းအင် အသုံးပြုနိုင်မှုဟာ တဖြည်းဖြည်းနဲ့ တိုးတက်လာနေတယ်လို့တော့ ဆိုပါတယ်။

လေထုညစ်ညမ်းမှုတွေဟာ နှလုံးနဲ့ သွေးလည်ပတ်မှုဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ် စတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါတွေ ဖြစ်စေတဲ့ အကြောင်းရင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ အချိန်တော်တော်များများကို နေအိမ်၊ အဆောက်အအုံအတွင်း၌သာ နေထိုင်ရင်း ကုန်ဆုံးကြပါတယ်။ အချို့သုတေသနပြုချက်မှာ တွေ့ရှိချက်တွေအရ နေ့တစ်နေ့ရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ အဆောက်အအုံအတွင်းမှာသာ နေထိုင်ကြကြောင်း သိရပါတယ်။ ဒါကြောင့် နေအိမ်အဆောက်အအုံအတွင်းရှိ လေထုရဲ့အရည်အသွေးဟာ အထူးအရေးကြီးပါတယ်။

### အဆောက်အအုံများအတွင်းရှိ မျက်စိနဲ့မမြင်နိုင်တဲ့ အမှုန်အမွှားတွေက ဘယ်ကလာသလဲ

နေအိမ်အတွင်း နေထိုင်စဉ် ရှူသွင်းလိုက်တဲ့ လေထဲမှာပါဝင်တဲ့ အမှုန်အမွှားတွေရဲ့ အဓိကအရင်းအမြစ်ကတော့ လောင်ကျွမ်းမှုဖြစ်စဉ်တွေ အထူးသဖြင့် ချက်ပြုတ်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း စတဲ့ဖြစ်စဉ်တွေကနေ ထွက်လာတာဖြစ်ပါတယ်။ မီးဖိုကနေထွက်ရှိတဲ့ အလွန်သေးငယ်တဲ့ အမှုန်တွေ၊ ဖယောင်းတိုင်ထွန်းခြင်း၊ အမွှေးတိုင်ထွန်းခြင်းနဲ့ ခြင်ဆေးထွန်းခြင်းစတဲ့ လောင်ကျွမ်းမှုဖြစ်စဉ်တွေကနေ ထွက်လာတဲ့အမှုန်တွေဟာ လေထုညစ်ညမ်းစေမှုရဲ့ အရင်းအမြစ်ပဲ ဖြစ်ပါတယ်။

အဝတ်များခါခြင်း၊ ခေါက်သိမ်းခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ဖုန်ခါခြင်း စတဲ့အိမ်မှုဝေယျာဝစ္စ ပြုလုပ်ရာမှ ထွက်ပေါ်လာတဲ့ အမှုန်တွေဟာဆိုရင်လည်း ကျွန်တော်တို့ နေ့စဉ်ရှူသွင်းနေတဲ့ လေထုကို ညစ်ညမ်းမှုဖြစ်စေတဲ့အထဲမှာ ပါဝင်နေပါတယ်။ အဲဒီလို လေထုထဲရောက်ရှိလာတဲ့ သေးငယ်တဲ့ အမှုန်တွေ၊ မျက်စိနဲ့မမြင်နိုင်တဲ့ အလွန်သေးငယ်တဲ့ အမှုန်တွေဟာ ကြီးမားတဲ့ ဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေပါတယ်။ ကျွန်တော်တို့ရဲ့ နေအိမ်အဆောက်အအုံတွေဟာ ပြင်ပကနေ ဝင်လာနိုင်တဲ့ လေထုညစ်ညမ်းမှုဖြစ်စေတဲ့ အမှုန်အမွှားတွေကို ကာကွယ်ပေးထားပေမယ့် အိမ်ထဲကနေ ထွက်ပေါ်လာတဲ့ အဲဒီအမှုန်အမွှားတွေကတော့ အိမ်ထဲ၊ အဆောက်အအုံထဲမှာပဲ စုစည်းနေစေသလိုဖြစ်တယ်ဆိုတာလည်း သတိပြုသင့်ပါတယ်။

### သတိမထားမိသော နေအိမ်တွင်း လေထုညစ်ညမ်းစေမှုများ

နေအိမ်အတွင်း လေထုညစ်ညမ်းမှုလို့ ဆိုလိုက်တာနဲ့ ချက်ပြုတ်ရာမှထွက်တဲ့ မီးခိုးတွေ၊ ဖယောင်းတိုင်၊ အမွှေးတိုင်နဲ့ ခြင်ဆေးခွေ စတဲ့ နေ့စဉ်သုံး မီးခိုးထွက်စေတဲ့ ပစ္စည်းတွေကိုပဲ ပြေးမြင်တတ်ကြပါတယ်။ စက္ကူကို ပရင့်ထုတ်ရာမှာ သုံးတဲ့မင်တွေ၊ အိမ်သုတ်ဆေးတွေ၊ ကပ်ခွာကော်တွေ၊ သန့်ရှင်းရေးလုပ်ရာမှာသုံးတဲ့ ဓာတုပစ္စည်းတွေ၊ တစ်ကိုယ်ရေသုံးသန့်ရှင်းရေးနဲ့ အလှပြင်ပစ္စည်းတွေကလည်း လေထုညစ်ညမ်းမှုကို ဖြစ်စေတဲ့အမှုန်အမွှားတွေကို ထွက်ရှိစေပါတယ်။

အထူးသဖြင့် ရေချိုးခန်းသုံးပစ္စည်းတွေဖြစ်တဲ့ ရနံ့ပါတဲ့ ဆပ်ပြာအရည်တွေ၊ ခေါင်းလျှော်ရည်နဲ့ ချွေးနံ့ပျောက်ဖျန်းဆေးတို့လို အလှပြင်ပစ္စည်းတွေ၊ ဘော်ဒီစပရေးတွေ စတာတွေကနေ အငွေ့ပြန်ပြီး ထွက်လာတဲ့ အမှုန်အမွှားတွေဟာဆိုရင်လည်း နေအိမ်အတွင်း လေထုညစ်ညမ်းမှုကို ဖြစ်စေပါတယ်။ ဒါကြောင့် အဲဒီပစ္စည်းတွေကို ဝယ်ယူမယ်ဆိုပါက ပါဝင်တဲ့အမည်တွေကို သေချာစိစစ်ပြီးမှ သုံးသင့်ပါတယ်။ အထူးသဖြင့် အငွေ့ပြန်စေတဲ့ ဓာတုပစ္စည်းတွေ ပါဝင်နေမှုကို သတိထားသင့်ပါတယ်။

### ကျန်းမာရေးအပေါ်သက်ရောက်မှုများ

ယေဘုယျအားဖြင့် အမှုန်အမွှား၊ အနံ့အသက်တွေဟာ ပန်းနာရင်ကျပ်ဖြစ်စေတယ်ဆိုတာကိုတော့ လူအတော်များများက သတိပြုမိကြပြီးဖြစ်ပါလိမ့်မယ်။ လေ့လာသုတေသနပြုမှုတွေအရ ယာဉ်အသွားအလာများမှုကနေ ထွက်ပေါ်လာတဲ့ လေထုညစ်ညမ်းမှုဟာ အထူးသဖြင့် ပန်းနာရင်ကျပ်ရောဂါနဲ့ ဆက်နွှယ်နေကြောင်း ဖော်ပြနေပါတယ်။ လူအများစု သတိမပြုမိတာကတော့ အဲဒီလေထုထဲမှာရှိနေတဲ့ အမှုန်အမွှားတွေဟာ နှလုံးနဲ့ သွေးလှည့်ပတ်မှုဆိုင်ရာရောဂါတွေကို ဖြစ်စေနိုင်တယ်ဆိုတာကိုပါ။ ဘယ်လောက်ပမာဏလောက်ကို ရှူမိရင် ဘေးဥပဒ်မဖြစ်စေနိုင်ဘူးဆိုတဲ့ သတ်မှတ်ချက်မျိုးလည်း မရှိပါဘူး။

ဆိုလိုတာက လေထုထဲက အမှုန်အမွှား အနည်းငယ်ရှူမိရင်တောင် ရောဂါရစေနိုင်တာမျိုးဖြစ်ပါတယ်။ နေအိမ်အတွင်းမှာ လေထုညစ်ညမ်းမှုရှိနေမယ်၊ ပြီးတော့ အဲဒီလေထုကို ရှူသွင်းနေရမယ်ဆိုရင် အဆုတ်ကို ရောင်ရမ်းလာစေနိုင်ပါတယ်။ အဆုတ်ရောင်တဲ့ လက္ခဏာတွေကတော့ ရင်ဘတ်နဲ့ ပခုံးတွေနာခြင်း၊ အသက်မှျဉ်းမှျဉ်းရှူနေရခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်နာခြင်းနဲ့ အသက်ရှူရခက်ခဲခြင်းတို့ပဲဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီလေထုထဲက မျက်စိနဲ့မမြင်နိုင်တဲ့ အမှုန်အမွှားတွေဟာ သွေးကြောထဲကိုလည်း ပျော်ဝင်ရောက်ရှိသွားနိုင်ပြီးတော့ သွေးဆဲလ်တွေနဲ့ သွေးကြောနံရံတွေကို ဒုက္ခပေးနိုင်ပါသေးတယ်။ ဒါကြောင့် နှလုံးနဲ့ သွေးကြောဆိုင်ရာ ရောဂါတွေလည်း ဖြစ်ပွားနိုင်ပါတယ်။

### အလေးထားဂရုမူရမည့် အချက်များ

အရေးကြီးဆုံးကတော့နေအိမ်အဆောက်အအုံအတွင်း မီးခိုးထွက်စေတဲ့ အလေ့အကျင့်တွေကို ရှောင်ရှားပါ။ အမွှေးတိုင်ထွန်းခြင်း၊ ဖယောင်းတိုင်ထွန်းခြင်း၊ ခြင်ဆေးခွေတွေထွန်းခြင်းစတဲ့ ကိစ္စရပ်တွေကို တစ်နည်းနည်းနဲ့ အစားထိုးနိုင်အောင် စီစဉ်ဆောင်ရွက်ပါ။ ဥပမာ- ခြင်ဆေးခွေထွန်းခြင်းအစား အခြားသော ခြင်နှိမ်နင်းနည်းတွေကိုသုံးပါ။ ထင်းမီးသွေးနဲ့ ချက်ပြုတ်ခြင်းကိုလည်း ဖြစ်နိုင်ပါက အစားထိုးနိုင်အောင် စီစဉ်ပါ။ မဖြစ်မနေချက်ပြုတ်ရပါကလည်း နေအိမ်အတွင်း ချက်ပြုတ်ခြင်းမပြုသင့်ပါ။ ဓာတုနည်းနဲ့ပြုလုပ်ထားတဲ့ ဖျန်းဆေးအမျိုးမျိုး၊ စပရေး (spray) အမျိုးမျိုး အသုံးပြုခြင်းကိုရှောင်ပါ။ မီးဖိုနဲ့ အိပ်တဲ့နေရာ နီးကပ်စွာရှိမနေသင့်ပါ။

ဒ့ါအပြင် မီးဖိုခန်းဟာ လေဝင်လေထွက်ကောင်းမွန်စေရပါမယ်။ တတ်နိုင်ပါက အနံ့စုပ်ပန်ကာလိုဟာမျိုးကို တပ်ဆင်ထားသင့်ပါတယ်။ နေအိမ်ကို သန့်သန့်ရှင်းရှင်းနေနိုင်အောင် အမြဲဆောင်ရွက်ပါ။ လေဝင်လေထွက်ကောင်းမွန်စေဖို့ စီစဉ်ဆောင်ရွက်ပါ။ ဖိနပ်ကို တံခါးဝမှာပဲ ချွတ်ထားပါ။ ပြတင်းပေါက်ဘောင် အောက်ခြေတွေ၊ တံခါးတွေ၊ ဖုန်စုနေနိုင်တဲ့ ချောင်ကြိုချောင်ကြားနေရာတွေ၊ ကြမ်းခင်းတွေ၊ ကော်ဇောတွေ စတာတွေကို အစဉ်သန့်ရှင်းရေးလုပ်ဆောင်ပါ။ တိရစ္ဆာန်ရှိပါက သန့်ရှင်းရေးအထူးဂရုပြုပြီး လှောင်အိမ်တွေကိုပါ သန့်ရှင်းရေးပုံမှန်လုပ်ဆောင်ပေးပါ။ တတ်နိုင်ပါက လေသန့်စင်စက်တွေထားရှိခြင်း၊ နေအိမ်အတွင်း လေထုအခြေအနေ တိုင်းတာစက်တွေထားရှိပြီး စောင့်ကြည့်မှုတွေလည်း လုပ်နိုင်ပါတယ်။

မိမိတို့နိုင်ငံဟာလည်း ဝင်ငွေနိမ့်တိုင်းပြည်ဖြစ်တာနဲ့အညီ နေ့စဉ်စားဝတ်နေရေး လုံးပန်းနေရတာကြောင့် အများစုအနေနဲ့ နစ္စဓူဝကျန်းမာရေးဆိုင်ရာ ဂရုမူရမယ့်အချက်တွေကို မေ့လျော့နေတတ်ကြပါတယ်။ အထူးသဖြင့် ရောဂါဖြစ်မှသာ ဆေးရုံဆေးခန်းသို့ သွားရောက်ရပါက ကုန်ကျစရိတ် အလွန်မြင့်မားပါတယ်။ ဒါကြောင့် အနည်းငယ် သတိပြုလိုက်နာ ဆောင်ရွက်ရုံမျှနဲ့ ကြီးမားတဲ့ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးတွေရရှိနိုင်တဲ့ အချက်တွေကို အလေးထားလိုက်နာ ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**“လေထုထဲက အမှုန်အမွှား အနည်းငယ်ရှူမိရင်တောင် ရောဂါရစေနိုင်တာမျိုး ဖြစ်ပါတယ်။ နေအိမ်အတွင်းမှာ လေထုညစ်ညမ်းမှုရှိနေမယ်၊ ပြီးတော့ အဲဒီလေထုကို ရှူသွင်းနေရမယ်ဆိုရင် အဆုတ်ကို ရောင်ရမ်းလာစေနိုင်ပါတယ်။ အဆုတ်ရောင်တဲ့ လက္ခဏာတွေကတော့ ရင်ဘတ်နဲ့ ပခုံးတွေနာခြင်း၊ အသက်မှျဉ်းမှျဉ်းရှူနေရခြင်း၊ ခေါင်းကိုက်ခြင်း၊ အဆစ်အမျက်နာခြင်းနဲ့ အသက်ရှူရခက်ခဲခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် အဲဒီလေထုထဲက မျက်စိနဲ့မမြင်နိုင်တဲ့ အမှုန်အမွှားတွေဟာ သွေးကြောထဲကိုလည်း ပျော်ဝင်ရောက်ရှိသွားနိုင်ပြီးတော့ သွေးဆဲလ်တွေနဲ့ သွေးကြောနံရံတွေကို ဒုက္ခပေးနိုင်ပါသေးတယ်။ ဒါကြောင့် နှလုံးနဲ့ သွေးကြောဆိုင်ရာ ရောဂါတွေလည်း ဖြစ်ပွားနိုင်”**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# သံယောဇဉ်

သိပ္ပံမောင်ဝ

ယနေ့နံနက်စောစော မောင်လူအေးတို့လူစု အင်းမရွာမှထွက်လာခဲ့ကြရာ ပါလှဲ့ရွာသို့ ၈ နာရီခွဲတွင် ရောက်ကြလေသည်။ ညောင်တုန်းသို့ သွားသော ကုလားမီးသင်္ဘောကလေး ပါလှဲ့ရွာမှ ထွက်ခွာသွားသည်မှာ နာရီဝက်ခန့်ကြာလေပြီ။

သမ္ဗန်စီးကာ ပြန်ရမှာကလည်း ရွာတွင် သမ္ဗန်တစ်စင်းမျှမရှိ။ အခက်နှင့် တွေ့ကြုံနေကြကုန်၏။ ရုံးတွင် ချိန်းထားသော အမှုတို့ကလည်းရှိ၊ လုပ်စရာအလုပ်တို့ကလည်း အများပင်။ မောင်လူအေးသည် နံနက် ၅ နာရီတွင် အိပ်ရာမနိုးသည့်အတွက် မိမိကိုယ်ကို အပြစ်တင်မိ၏။ သို့သော် မည်သို့မျှမတတ်နိုင်။ ပါလှဲ့ရွာတွင် တစ်နေ့စခန်းချကာ နေရပေသည်။

ပါလှဲ့သူကြီးမင်း၏ အိမ်မှာလည်း မည့်လှပေ။ ပျဉ်ထောင် ပျဉ်ခင်း သွပ်မိုး၊ မကြီးမငယ် ခပ်ရွယ်ရွယ်အိမ်ဖြစ်လေသည်။ သူကြီးမင်း ဦးဖိုးကျောက်ကား ကရင်ဖြစ်၏။ အဖေအို အမေအိုကြီးများနှင့် အတူတကွနေလေသည်။ ကြက်များ၊ နွားများ၊ ဘဲများကိုမွေးထားသောကြောင့် တစ်အိမ်လုံးရှုပ်ထွေးလျက်နေသတည်း။

မောင်လူအေးကား အိမ်ရှေ့ဝရန်တာတွင် စခန်းချ၏။ ထိုဝရန်တာမှာ အလျားပေ ၃၀၊ အနံ ငါးပေခန့်သာ ကျယ်လေသည်။ မောင်လူအေး စခန်းချရာ အစွန်းတွင် ပက်လက်ကုလားထိုင် တစ်လုံး၊ ရိုးရိုးကုလားထိုင် တစ်လုံး၊ နှစ်ပေပတ်လည် စားပွဲကလေး တစ်လုံးရှိလေသည်။ ထိုစားပွဲ ကုလားထိုင်တို့မှာလည်း ဖုန်တွေ အလိမ်းလိမ်းကပ်လျက်နေ၏။ ဤနေရာမှာပင် ထမင်းစား၊ ဤနေရာမှာပင် လက်ဖက်ရည်သောက်၊ ဤနေရာမှာပင် အလုပ်လုပ်ရလေသည်။ ကျဉ်းကျဉ်း၊ ကျပ်ကျပ်ရှိလှပေ၏။

ဝရန်တာ၏တစ်ဖက်သော အစွန်းတွင်ကား သောက်ရေအိုးစင်ရှိ၏။ ထိုသောက်ရေအိုးစင်နှင့် ကပ်လျက်ကား ကြက်ဖြူမကြီး တစ်ကောင်၏ ကြက်ခြင်းရှိလေသည်။ ထိုကြက်ဖြူမကြီးကား မိမိ၏ ဥများကို ဝပ်လျက်နေ၏။

မောင်လူအေးမှာ မိမိနှင့်ပါလာသော အမှုတွဲ၊ အစီရင်ခံစာ၊ လျှောက်လွှာတို့ကို ရုံးစာခြင်းထဲမှထုတ်ကာ မှတ်ချက်ရေးတန်ရေး၊ အမိန့်ချတန်ချ၊ အစီရင်ခံစာရေးတန်ရေးနှင့် တစ်နေ့လုံး အလုပ်များလျက်နေလေ၏။ နေပူရှိန်ကြောင့် တစ်ကိုယ်လုံးချွေးအတိ ပြီးနေလေသည်။

သူ၏ မနီးမဝေးခြင်းထဲတွင် ဝပ်လျက်နေသော ကြက်ဖြူမကြီးမှာလည်း အိမ်အောက်တွင်စောင့်နေသော ကြက်ဖကြီးအား အသံပေးလိုက်၊ မပေါက်သေးသော သားကလေးများကို ခေါ်လိုက်၊ ခြင်းတောင်း၏ နှုတ်ခမ်းကို ဆိတ်ပေါက်လိုက်နှင့် အလုပ်များနေပေသည်။ အစာကိုပင် ဆင်း၍မစားချေ။ မောင်လူအေး ချွေးတလုံးလုံးနှင့် နေသကဲ့သို့ပင် ကြက်ဖြူမကြီးမှာလည်း ပူလွန်းလှသဖြင့် မောဟိုက်လျက်နေပေ၏။ သူ၏ ညည်းညူသော အသံကိုပင် ကြားရလေသည်။

ဤကြက်ဖြူမကြီး၏ အခြင်းအရာကို အလုပ်လုပ်၍ နေရာမှ မောင်လူအေးမြင်လေသော် အမျိုးမျိုးသောတွေးတောချက်တို့ကို ထုတ်လျက်နေပေ၏။

အစာအငတ်ခံ၊ အညောင်းအညာခံကာ ဝပ်လျက်နေသောကြက်မကြီးသည် မိမိ၏ဥများအပေါ်၌ မည်မျှခင်တွယ်ပါမည်နည်း။ အတော်အတန် ခင်တွယ်ရုံမျှနှင့် ဤသို့ဒုက္ခမခံရာ။ ဩော် သံယောဇဉ်၊ သံယောဇဉ်။ အလွန်ခိုင်မာလေစွ။ (ဤကား မောင်လူအေး၏ စိတ်ကူးပုံတည်း။)

ထိုကြက်ဖြူမကြီး၏ စိတ်ကူးပုံကို နားထောင်ကြပါဦး။ သူလည်း သူစိတ်ကူးနှင့်ပင်။ ဤသို့ တစ်ကောင်တည်း အစာအငတ်ခံ၊ အပင်ပန်းခံကာ မိမိ၏ဥများကို ဝပ်လျက်နေရှာသော ကြက်ဖြူမကြီး၌ စိတ်ကူးမရှိဘဲ မနေတန်ရာ၊ ဧကန် စိတ်ကူးရှိရမည်။ အောက်ပါ စိတ်ကူးမျိုးကို ကူးနေသည်ဟုဆိုလျှင် မှားမည်လော။ "အခု ငါ ဝပ်နေတဲ့ဥ ဆယ်လုံးစလုံးပဲ ပေါက်ပါ့မလား။ အားလုံး ပေါက်မှာပါပဲလေ။ အားလုံး ပေါက်ရအောင်လို့ ငါအခုလောက်ကြိုးစားပြီး ဝပ်နေတာပေါ့။ ငါ အစာကိုကောင်းကောင်း မစားရတာလည်းကြာပြီ။ အစာငတ်တာ ကိစ္စမရှိပါဘူး"

"ဆယ်လုံးစလုံး ကောင်းကောင်းမွန်မွန် ပေါက်ရင်တော်ပြီ"

"ဆယ်ကောင် ပေါက်ပါပြီတဲ့၊ အထီးကလေးက ဘယ်လောက်၊ အမကလေးက ဘယ်လောက်ပါမယ်မသိဘူး။ သူတို့အဖေကတော့ အားလုံး အထီးကလေးတွေပေါက်ပါစေလို့ ဆုတောင်းသတဲ့။ ငါကတော့ အထီး ငါးကောင်၊ အမ ငါးကောင်လိုချင်တာပဲ။ အို... အမဘယ်လောက်ပါပါ၊ အထီးဘယ်လောက်ပါပါ ကိစ္စမရှိပါဘူး။ အားလုံး သားသမီးတွေချည်း မဟုတ်ဘူးလား။ အားလုံးကိုပဲ ချစ်ရတော့မယ်"

"သားကလေး သမီးကလေးတွေ ကြီးပြင်းလာအောင် တော်တော်စောင့်ရှောက်ရဦးမယ်။ ဟောဟို ကုက္ကိုပင်ပေါ်က သေနာကောင်ကိုရွှေကျီးလင်မယားတို့ရဲ့ရန်ကို ကြောက်ရသေးတယ်။ သင်းတို့လင်မယား ရန်ကိုတော့ မကြောက်ပါဘူးလေ။ သတ္တိရှိရင် ဖမ်းကြပါစေ၊ ငါ့သတ္တိကို ပြလိုက်မယ်။ သင်းတို့ ငါ့သားကလေးတွေကို ချီပြီးဘယ်ပြေးမလဲ။ ဘယ်ပျံမလဲ။ သင်းတို့ ပျံသလောက် ငါလည်း လိုက်ပြီးပျံမယ်။ ဟော့ ကုက္ကိုပင်ပေါ်က တကြော်ကြော်နဲ့ အသံပေးမနေကြနဲ့။ သတ္တိရှိရင် အခု လာခဲ့ကြလေ။ နင်တို့လင်မယား ရန်လောက်ကတော့ ဂရုမစိုက်ပါဘူး"

"ဟို ကောင်းကင်မှာ ပျံဝဲနေကြတဲ့ ကိုရွှေစွန်တို့ လင်မယားက ရှိသေးတယ်။ သင်းတို့ လင်မယားကတော့ ကိုရွှေကျီးတို့ လင်မယားထက် အားလည်းကောင်း၊ မြန်လည်းမြန်တယ်။ သင်းတို့လင်မယားကို ကိုရွှေကျီးတို့ လင်မယားထက် ကြောက်ရတယ်။ ငါတစ်ကောင်တည်းနဲ့တော့ ခံတိုက်လို့နိုင်မှာမဟုတ်ဘူး။ သင်းတို့အဖေပါ ဝိုင်းပြီး ခုခံရင်တော့ ကောင်းမှာပဲ။ နို့ပေမဲ့ သူ့ကို စိတ်ချရတာမဟုတ်ဘူး။ လေးကလေးလံပါဘိသနဲ့။ အင်မတန် စိတ်ပျက်စရာကောင်းတယ်။ သူ့ကိုယ်ကတော့ဖြင့် လေးလံပါရဲ့၊ သူ့ နှုတ်သီးကတော့ ဘယ်အခါမှ အငြိမ်မနေ စရာကောင်းတာကတော့ ဟိုကုက္ကိုခေါင်းထဲမှာနေကြတဲ့ ကိုမြွေဟောက်တို့ လင်မယားပေါ့။ မနေ့ညကတောင် ပေါက်လာကြသေးတယ်။ ဥတွေကို မျိုကြမလို့ပေါ့၊ ခြင်းတောင်းကြီးနဲ့ အုပ်ထားပေလို့၊ နို့မဟုတ်ရင် ငါပဲသေမလား၊ သင်းတို့ပဲ အနာရမလား မသိဘူး။ ခြင်းတောင်းကြီးနဲ့ အုပ်ထားလို့ မဝင်နိုင်ကြတာနဲ့ အပြင်ကနေပြီး ဆဲသွားကြသေးတယ်။ ကြိမ်းလည်း ကြိမ်းမောင်းသွားကြသေးတယ်။ သင်းတို့ လင်မယားဟာ အဆိပ်ဆိုတဲ့လက်နက်ကို အားကိုးအားထားရလို့ မြွေပါးဝနေကြတာ။ သင်းတို့မှာ အဆိပ်မရှိရင်တော့ မကြောက်ပါဘူး။ နို့ပေမဲ့ နေ့လယ်လောက်ဆိုရင် သစ်ခေါင်းထဲမှာကုပ်နေကြတယ်။ သူကြီးသားငသောင်းကို ကြောက်လိုက်ကြတာ လွန်ပါရော။ ညကျမှ အစာရှာထွက်ဝံ့ကြတယ်။ ညတိုင်း ညတိုင်း ငါ့သားသမီးတွေကို ငသောင်းခြင်းတောင်းကြီးနဲ့ အုပ်ထားမယ်ထင်ပါရဲ့လေ။ ဒါကြောင့် ကိုရွှေမြွေဟောက်တို့ လင်မယားရဲ့ ရန်ကိုလည်း ကြောက်စရာမရှိပါဘူး"

"ပေါက်မယ့် သားကလေးတွေဟာ ငါနဲ့ တူကြပါစေ။ ငါနဲ့ တူရင်တော့ ဖြူဖြူဖွေးဖွေး ချစ်စရာကလေးတွေနေမှာပဲ။ သင်းတို့ဖအေနဲ့ တူရင်လည်း အရုပ်ဆိုးကြမှာ မဟုတ်ပါဘူး။ သူလည်း အတော်သား

> သူ၏ မနီးမဝေးခြင်းထဲတွင် ဝပ်လျက်နေသော ကြက်ဖြူမကြီးမှာလည်း အိမ်အောက်တွင်စောင့်နေသော ကြက်ဖကြီးအား အသံပေးလိုက်၊ မပေါက်သေးသော သားကလေးများကို ခေါ်လိုက်၊ ခြင်းတောင်း၏နှုတ်ခမ်းကို ဆိတ်ပေါက်လိုက်နှင့် အလုပ်များနေပေသည်။ အစာကိုပင် ဆင်း၍မစားချေ။ မောင်လူအေး ချွေးတလုံးလုံးနှင့်နေသကဲ့သို့ပင် ကြက်ဖြူမကြီးမှာလည်း ပူလွန်းလှသဖြင့် မောဟိုက်လျက်နေပေ၏။ သူ၏ ညည်းညူသော အသံကိုပင်ကြားရလေသည်။ အစာအငတ်ခံ၊ အညောင်းအညာခံကာ ဝပ်လျက်နေသော ကြက်မကြီးသည် မိမိ၏ဥများအပေါ်၌ မည်မျှခင်တွယ်ပါမည်နည်း။ အတော်အတန်ခင်တွယ်ရုံမျှနှင့် ဤသို့ဒုက္ခမခံရာ။ ဩော် သံယောဇဉ်၊ သံယောဇဉ်။ အလွန်ခိုင်မာလေစွ

ဘူး။ အော်ကျယ် အော်ကျယ်နဲ့။ ဟိုကြက်ဖနဲ့ ရန်ဖြစ်၊ ဒီကြက်ဖနဲ့ ရန်ဖြစ် ပြောလို့လည်းမရဘူး။ အခုပဲ ကြည့်ပါလား။ ဟိုဘက်အိမ်က ကြက်ဖကြီးနဲ့ တစ်ယောက်တစ်ခွန်းစီ ဆဲရေးတိုင်းထွာနေတာ။ သူ့ကိုတော့ အားမကိုးပါဘူး။ စိတ်ပျက်ပါတယ်။ သူ့ကိုသာ အားကိုးနေမယ်ဆိုရင် သားကလေးတွေ အားလုံး ကိုရွှေစွန်တို့ လင်မယားရဲ့ အစာတွေဖြစ်ကုန်မယ်။ ဒါဖြင့် ဘယ်လိုကြံမလဲ။ အင်း... အကြံတစ်ခုတော့ ရပြီ။ ဘာတဲ့။ သားကလေး သမီးကလေးတွေကို အိမ်အောက်ထဲက မထွက်စေချင်ဘူး။ သင်းတို့ အိမ်အောက်ထဲမှာနေရင် ကိုရွှေစွန်တို့ ဘာမှ တတ်နိုင်မှာ မဟုတ်ဘူး။ သူတို့ဟာ ကွင်းပြင်၊ မြေပြင်မှာသာ အစွမ်းရှိတယ်။ အိမ်အောက်မှာတော့ အစွမ်းမရှိပါဘူး"

"ဒါထက် အိမ်အောက်မှာချည်းနေမယ်ဆိုရင် ဂုတ်ကျားတို့ သားအမိ ကိုက်မှဖြင့်ခက်ချေရဲ့။ ဂုတ်ကျားသား ငနီ၊ အောင်နက်၊ ဂျိုကာဆိုတဲ့ ကလေးတွေက သရမ်းကသရမ်းပါဘိသနဲ့။ သင်းတို့ သရမ်းတာနဲ့ ငါ့သားကလေးတွေ ဘေးတွေ့တော့မှာပဲ။ သားကလေးတွေဟာလည်း နုနုနယ်နယ်၊ ဒီ ဂျိုကာလောက်တော့ ကိစ္စရှိမယ် မထင်ပါဘူးလေ။ ဂုတ်ကျားအတွက်က ခက်တယ်။ သင်းဟာ သူတကာကောင်းကောင်းနေတာကို မြင်ချင်တာ မဟုတ်ဘူး။ ဝန်တိုတဲ့စိတ်တွေ အင်မတန်များတယ်။ ဒါကြောင့် မဟုတ်လား။ သင်းလင် ကိုကျားဘိုကြီး သင်းကိုစွန့်သွားတာ ဘယ်လောက်ကြာပလဲ။ နောက် လင်ငယ်တွေ ယူတာလည်း မနည်းဘူး။ အားလုံးနဲ့မသင့်လို့ အားလုံးပဲ သင်းကို စွန့်သွားတယ် မဟုတ်လား။ သင်းဟာ မနာလိုစိတ်တွေရှိပေမယ့် သတ္တိတော့ မကောင်းပါဘူး။ ကြည့်ပါလား။ အရင်တစ်လောက ဦးဖိုးထင်အိမ်မှာ ခေးပြတိုက်လို့ သေနတ်သံတစ်ချက်ကြားတယ်ဆိုရင်ပဲ သင်းကြောက်လိုက်တာ တုန်နေတာပဲ။ ဟောင်တောင် မဟောင်ဝံ့ဘူး။ ငါ့သားကလေးတွေကို ထိရင် မခံဘူး။ သင်းမျက်စိတွေကို ဆွဲပြီးခွပ်ပြလိုက်မယ်"

"ကိုရွှေကျီး၊ ကိုရွှေစွန်၊ မိဂုတ်ကျားတို့ တစ်တွေထက် ကြောက်ကပဲ။ ဟိုဘက်အိမ်က ကြက်ဖတွေထက်တော့ အများကြီးလှသေးတယ်။ သားသမီးတွေရဲ့ ရုပ်အဆင်းအတွက်တော့ စိုးရိမ်စရာ မရှိပါဘူး။ ငါနဲ့တူရင်လည်း လှမှာပဲ။ သူ့ဖအေနဲ့တူရင်လည်း လှမှာပဲ"

"သို့ပေမဲ့ သင်းကလေးတွေရဲ့ စိတ်သဘောထားတွေဟာ သင်းတို့ဖအေနဲ့မတူကြပါစေနဲ့လို့ ဆုတောင်းတယ်။ သူဟာ သားမယားပေါ်မှာတော့ ကြင်ကြင်နာနာ အရှိသားပါပဲ။ သို့ပေမဲ့ ဟိုနေရာမှာ ပါချင်၊ ဒီနေရာမှ ပါချင်၊ သူ့အသံချည်းပဲ။ ဟို "ကတော်" လိုက်၊ ဒီ "ကတော်" လိုက်နဲ့ အိမ်ဝင်းထဲမှာရှိကြတဲ့ ဘဲတွေ၊ ကြက်တွေနဲ့ ဘယ်သူနဲ့မှ မသင့်ဘူး။ သူ့ကို အားလုံးမုန်းကြတယ်။ တစ်နေ့က သူကြီးသား ငသောင်းရှေ့မှာ သွား "ကတော်" လို့ ငသောင်း ကျောက်ခဲနဲ့ ပေါက်လိုက်တာ ကံကောင်းလို့ မသေတယ်။ သေများသေမှဖြင့် ငါမုဆိုးမဖြစ်နေပြီ။ သူ့ကို ကောင်းကောင်းနေဖို့အကြောင်း ပြောတာလည်း မရေတွက်နိုင်တော့ဘူး။ ဘယ်တော့မှ နှုတ်အငြိမ်မနေနိုင်တဲ့သူ။ ဒါကြောင့် သားကလေး သမီးကလေးတွေဟာ သူနဲ့ မတူကြပါစေနဲ့လို့ ဆုတောင်းရတာပေါ့။ သူနဲ့တူရင် နှုတ်သီးကောင်းကလေးတွေ ဖြစ်ကုန်မယ်"

"ဟိုနောက်ဖေးခန်းမှာနေကြတဲ့ ကိုရွှေနက်တို့ လင်မယားဟာလည်း သူတို့သားကလေး သမီးကလေးတွေ ခြောက်ကောင်အထဲမှာ တစ်ကောင်မှ လှလှပပမပါဘူး။ မည်းမည်းနက်နက် ကလေးတွေချည်းပဲ၊ ဘယ်လှနိုင်ပါ့မလဲ။ သူတို့ လင်မယားနှစ်ယောက်စလုံးဟာ လှမှ မလှကြတာကိုး။ ဒါတောင်မှ သူတို့ သားကလေး သမီးကလေးတွေကို ချစ်လိုက်ကြတာ၊ တို့သားကလေးတွေဟာ သင်းတို့ သားကလေးတွေထက်တော့ အစစအရာရာမှာ သာပြီးသားပေါ့။ သားကလေး သမီးကလေးတွေပေါက်မှ အားလုံးကိုခေါ်ပြီး သင်းတို့အနားမှာ သွားပြစားလိုက်ဦးမယ်၊ ဘယ်လောက် မနာလိုဖြစ်လိုက်ကြမလဲလို့။ သင်းတို့ မော်ထားကြွားထားတာတွေကို ပြန်ချေလိုက်မယ်"

စာမျက်နှာ ၂၁ သို့ ❐

# တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့်မြတ်စွာဘုရား၌ (၂၃)ကြိမ်မြောက် ကမ္မဋ္ဌာဇသာမဏေကျော်စာမေးပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရား မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော (၂၃)ကြိမ်မြောက် ကမ္မဋ္ဌာဇသာမဏေကျော်စာမေးပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဓမ္မာရုံရှေ့၌ ကျင်းပရာ တောင်ကြီးမြို့ ကံသာရပ်ကွက်ရှိ စွန်းလွန်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကမ္မဋ္ဌာဇသာမဏေကျော် စာမေးပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ထီးဖြူတော်များကို ဖွင့်လှစ်ပေးကြပြီး အတုလမာရဇိန်ဆုတောင်းပြည့် မြတ်စွာဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**ဖြေဆိုကျင်းပမည်**

အဆိုပါ ကမ္မဋ္ဌာဇသာမဏေကျော်စာမေးပွဲကို ပထမအဆင့်ဖြေဆိုမည့် သံဃာတော် ၇၅၆ ပါး၊ ဒုတိယအဆင့်ဖြေဆိုမည့် သံဃာတော် ၁၆၁ ပါး၊ တတိယအဆင့်ဖြေဆိုမည့် သံဃာတော် ၁၀၄ ပါး၊ စုစုပေါင်း ၁၀၂၁ ပါးဖြင့် အောက်တိုဘာ ၂၇ ရက်အထိ ဖြေဆိုကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ဒုတိယဝန်ကြီး ဦးမြင့်စိုး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျေးလက်လမ်းများဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ဝဲကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်းတူးဖော်နေသည့် ကိုဖြူကန်နှင့် တောရကျောင်းကန်တို့ကို ကြည့်ရှုစစ်ဆေးသည်။



**ပေးအပ်လှူဒါန်း**

ထို့နောက် ဒေသခံတောင်သူများ၏ ဆီထွက်သီးနှံ မြေပဲစိုက်ခင်းများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ကုန်းတန်းကြီးကျေးရွာအဝင်လမ်း တစ်မိုင်ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆက်လက် ဆောင်ရွက်နေမှု၊ မင်းနန်သူ ကျေးရွာအဝင်လမ်း အရှည် ၂ ဒသမ ၈၅ ဖာလုံ ကတ္တရာခင်းခြင်း လုပ်ငန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော မင်းနန်သူကျေးရွာတွင်း လမ်းအရှည်ပေ ၁၆၅၀ ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းနှင့် ပေ ၃၀ Slab Culvert နှစ်စင်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အနောက်ဖွားစော ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ဒုတိယ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာအစကားပြောကြားကာ အခြေခံပညာ အလယ်တန်းကျောင်း အတွက် လူငယ်စာပေဆိုင်ရာ စာအုပ်စာစောင်များ၊ မဂ္ဂဇင်းစာအုပ်များနှင့် အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တောင်ဘီ ကျေးရွာ ကျေးရွာတွင်းလမ်း အရှည် ၅ ဒသမ ၂ ဖာလုံ ဂျင်းကျောက်ခင်းခြင်း လုပ်ငန်းနှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်နေမှုကိုလည်းကောင်း၊ မြင်းကပါ ကျေးရွာရှိ "ရွှေ" ယွန်းစက်မှုလက်မှုနှင့် ကုန်ထုတ်သမဝါယမ အသင်း၏ ယွန်းထည်ပစ္စည်းများ ထုတ်လုပ်ရောင်းချနေမှု၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆိုင်ကယ်ပြင်သင်တန်း ဖွင့်လှစ်နေမှုကို လည်းကောင်း ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နတ်ကြို့အိုင် ကျေးရွာသို့သွားရောက်ပြီး ကန်မကြီးကန်နှင့် မြောက်စုကန်တူးဖော်နေမှုကိုလည်းကောင်း၊ ကန်ပေါက်အရှေ့ကျေးရွာသို့ သွားရောက်၍ ကန်ကြီးကန်နှင့် ကျင်လိုကန် တူးဖော်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း၌ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ရေကန်နှစ်ကန် တာဝန်ယူတူးဖော်ပေးခဲ့ပြီး အလှူရှင်များ လှူဒါန်းထားသော ရေကန် ၁၀ ကန်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနတို့က တူးဖော်ပေးလျက်ရှိရာ စုစုပေါင်းရေကန် ၁၂ ကန် အနက် ရှစ်ကန်ကို ၁၀၀ ရာခိုင်နှုန်း တူးဖော်ပေးပြီးဖြစ်သည်။ ဆောင်ရွက်ဆဲကျန် ရေကန် လေးကန် ကိုလည်း ယခုအောက်တိုဘာလကုန်အပြီး တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒိုက်ဦးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းနေမှု ကြည့်ရှုအားပေး



ဒိုက်ဦး အောက်တိုဘာ ၂၅

ညောင်လေးပင်ခရိုင် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့်အဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီတွင် ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာရှိ တောင်သူ ဦးတင်ထွဋ်မြင့်၏ (YSR–1) မျိုး မိုးစပါးစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းကို ကွင်းဆင်းကြည့်ရှုအားပေးရာ တစ်ဧကအထွက်နှုန်း ၁၃၅ ဒသမ ၅ တင်းထွက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❒ စာမျက်နှာ ၂၀ မှ

သားကလေး သမီးကလေးတွေ ပေါက်လာရင် အစားအစာအတွက်က လိုသေးတယ်။ သင်းတို့ဖအေ ကိုလျှာရှည်ကတော့ မပူဘူး။ ကိုယ်ကသာ ပူရပင်ရတာ။ သူကတော့ ပူပင်ရမှန်းမသိ။ အော်ကျယ်အော်ကျယ်နဲ့ လုပ်နေရရင် ကျေနပ်တာပဲ။ ဒါပေထက် သူကြီးအိမ်တောင်ဘက်က တိုင်အောက်မှာ ခြအုံတစ်အုံ တွေ့ထားတယ်။ ဘယ်သူမှ ခြအုံမှန်းမသိဘူး။ သားကလေးတွေပေါက်မှ သူတို့ တစ်တွေနဲ့သွားပြီး ပျော်ပျော်ပါးပါး ထိုးဆွပေါက်စားရတော့မှာပဲ။ ဘယ်လောက်ပျော်လိုက်ကြမလဲလို့။ သုံး၊ လေးရက် စားလို့တောင် ကုန်မှာမဟုတ်ဘူး။ သူကြီးသား ငသောင်းကလည်း ဖွဲနု၊ ဆန်ကွဲ၊ ဆန်တို့ကို ကျွေးမှာပါပဲ။ စားရေး သောက်ရေးကတော့ အေးလောက်ပါပြီ"

"သင်းတို့တစ်တွေ ကြီးပြင်းလာကြရင် အိမ်ထောင်ရေးအတွက်က ရှိသေးတယ်။ ဟို ကိုရွှေနက်တို့ရဲ့ သားသမီးတွေ၊ ကိုရွှေရစ်တို့ရဲ့ သားသမီးတွေနဲ့သွားပြီး ဆက်မိမှဖြင့် ခက်တော့မှာပဲ။ ငယ်ငယ်ကတည်းက ဆုံးမထားမှတော်မယ်။ ငါတို့အမျိုးနဲ့ အခြားအမျိုးကို မစပ်ယှက်ရဘူးလို့ ဘိုးဘွားများက မှာထားခဲ့ကြတယ်။ ဒီတော့မှ အမျိုးသန့်မတဲ့။ သင်းတို့ဖအေနဲ့ ငါဟာလည်း တခြားမဟုတ်ဘူး။ မောင်နှမချင်းပဲ။ သို့မှသာ မျိုးကောင်းမျိုးသန့် ကလေးတွေကိုရမယ်။ ငါတို့ သမီးကလေးတွေအထဲက ကိုရွှေနက်၊ ကိုရွှေရစ်တို့ရဲ့သားသမီးတွေနဲ့ တစ်ကောင်တလေ ဖောက်ပြားရင်တော့ သေခန်းပြတ်ပဲ။ ဟောဒီသားကလေးတွေ၊ မြေးကလေးတွေနဲ့ အိုအောင်မင်းအောင်ပေါင်းရပါစေ။ သူကြီးမင်း ဦးဖိုးကျောက်ဟာလည်း ငါတို့ လင်မယားကိုတော့ တော်တော် ခင်မင်ရှာသားပဲ။ အခု ငါ့ကိုတောင် အိမ်ရှေ့ခန်းမှာထားတယ်။ ငါ့သားကလေးတွေ သမီးကလေးတွေကိုလည်း ခင်မှာပါပဲ။ တခြားကြွက်တွေကိုတော့ ရောင်းစားတယ်။ ချက်စားတယ်။ ပေးပစ်တယ်။ ငါတို့တွေကိုတော့ ဒီလိုလုပ်မှာ မဟုတ်ဘူး"

"ဦးဖိုးကျောက် အသက်ရာကျော် ရှည်ပါစေ"

"ငါ့မှာတော့ သားကလေး သမီးကလေးတွေကို ခင်မင်တဲ့အတွက် အစားပျက် အညောင်းခံ ကြိုးစားနေရတယ်။ ဟိုရှေ့မှာ တကုန်းကုန်းနဲ့ အလုပ်လုပ်နေတဲ့ လူဟာ ဘာကြောင့် ဒီကလောက် ကြိုးစားနေရပါလိမ့်မလဲ။ ဒီစာတွေကို ဘာကြောင့် ဒီလောက်ခင်တွယ်နေပါလိမ့်မလဲ" စသည်ဖြင့် အတွေးကောင်းလျက် နေလေ၏။ သို့နှင့် မှောင်၍ လာလေသတည်း။

သြော်... သံယောဇဉ်ဆိုသည်မှာ အလွန်ခင်တွယ်လှပေ၏ တကား။

၁၉၃၄ ခုနှစ် မေ၊ ဒဂုန်မဂ္ဂဇင်း။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပမည့် မြန်မာ့ရိုးရာတန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော် ပါဝင်ဆင်နွှဲရန် ဖိတ်ခေါ်ခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာတန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံပွဲတော်နှင့် MSMEs ဈေးရောင်းပွဲတော်အား ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့မှ စတင်ပြီး နိုဝင်ဘာလ (၁၇)ရက်နေ့အထိ ပဲခူးမြို့ ဆုတောင်းပြည့် ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။ ပွဲတော်ရက်အတွင်း အရောင်းဆိုင်ခန်းများအပြင် တန်ဆောင်မုန်းလပြည့်နေ့တွင် ပွဲတော်လာ ဧည့်ပရိတ်သတ် (၁၅၀၀၀)အား စတုဒိသာကျွေးမွေးမှုများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသည့် အနုပညာရှင်များ၏ စင်တင်ဖျော်ဖြေမှုများ၊ ဖျော်ဖြေရေးယာဉ်များဖြင့် မြို့တွင်းလှည့်လည် ဖျော်ဖြေမှုများ၊ ညမီးကြီး၊ စိန်နားပန်နှင့် အလှရုပ်များအပါအဝင် မီးပုံးပျံများ လွှတ်တင်မှုများ၊ တန်ခိုးကြီးဘုရားစေတီများတွင် ဆီမီး (၁၀၀၀၀)ထွန်းညှိခြင်း၊ မီးအလှဆင်အရုပ်များနှင့် ရောင်စုံမီးပုံးများ ချိတ်ဆွဲပြသထားမှုများ၊ မီးရှူး၊ မီးပန်းများပစ်ဖောက်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိဘပြည်သူများအနေဖြင့် မည်သူမဆို လွတ်လပ်ပျော်ရွှင်စွာ လာရောက်ပါဝင် ဆင်နွှဲနိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

**ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီ**

---

**ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၈)လမ်း၊ (အပိုင်း-၄) မြေကွက်အမှတ်(၁၇၉)၊ အကျယ်အဝန်း (၂၅ × ၆၀) ပေရှိ ဂရန်မြေကွက်၊ မြေရှင်အကျိုးစံစားခွင့်နှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃½) တိုက်၏ မြေညီထပ် (ခေါင်းရင်းခြမ်း) အကျယ် အဝန်း (၁၁½ × ၅၀)ပေရှိ တိုက်ခန်းနှင့် အကျိုးစံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း**

အထက်ဖော်ပြပါ ဂရန်မြေကွက်၏မြေရှင်အကျိုးခံစားခွင့်နှင့်တကွ တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ် ထားရှိ အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူ ဦးသန့်ဇင် (၁၂/တမန (နိုင်) ၀၀၆၈၀၁ ) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်တင်ဝင်း (၁၁/ကဖန (နိုင်) ၀၆၃၅၉၂) က အပြီးအပိုင်ဝယ်ယူရန် စရံငွေကိုပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက် ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ အပြီးအပြတ်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ဆေးပွင့်ဖြူ (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၁)
အမှတ်(၄၉၄)၊ တတိယထပ်၊ ငမိုးရိပ်(၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၅၃၃၁၀၊ ၀၉ ၇၉၉၈၀၁၃၆၆

---

## ဝန်ချတောင်းပန်ခြင်း

ကျွန်တော် ဇော်မင်းထွေးသည် မသူဇာအောင်မိုးမြင့် (ခေတ္တ-ယူအေအီးနိုင်ငံ)အား ဂုဏ်သိက္ခာ ကျဆင်းစေသည့် အရေးအသားများကို ရေးသားဖြန့်ဝေခဲ့ပါသည်။ ထိုသို့ ရေးသားဖြန့်ဝေခြင်းအား နောက်နောင်မပြုလုပ်ပါဟု ဝန်ခံကတိပြုခြင်းနှင့် မသူဇာအောင်မိုးမြင့်အား ဝန်ချတောင်းပန် အပ်ပါသည်။

**ဇော်မင်းထွေး**
**[၁၂/သဃက(နိုင်)၂၀၆၆၇၀]**

---

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ မလွှကုန်းလမ်း၊ တိုက်အမှတ်-၄၅၊ (၂) ခန်းတွဲ (၇) ထပ်တိုက်၏ ပထမထပ် (ခြေရင်းခန်း) အကျယ်အဝန်း (အလျား ၁၅ ပေ x အနံ ၆၀ ပေ) ရှိ တိုက်ခန်းနှင့် ယင်း တိုက်ခန်းပေါ်ရှိ Aircon (၂) လုံး၊ ရေမော်တာ၊ မီးမီတာ အပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၍ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဌေး (ဘ) ဦးချော (၉/မနတ (နိုင်) ၀၇၈၀၇၅) ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တိုက်ခန်း ရောင်းဖိုးငွေ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း) များ နှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ တိုက်ခန်း အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးမိုးဇော်ဦး(LL.B) | ဒေါ်နန်းအေးသစ်သစ်ဟန် (LL.B) |
| (စဉ်-၈၉၈၅/၁၃) | (စဉ်-၅၅၇၁၉/၂၃) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

အမှတ်-၁၂၂၊ ပ-ထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၇၉၈၆၀၂၆၄၆၊ ၀၉-၂၅၄၂၀၁၂၁၂၊ ၀၉-၇၃၀၇၁၄၄၇

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၆၊မြေကွက်အမှတ်-၄၉၄၊၄၉၅၊ဧရိယာ(၀.၀၅၇)ဧက၊မြေကွက်တည်နေရာအမှတ်-၄၉၄၊၄၉၅၊မဟာသကြ်န်လမ်း၊ မြို့မ(၄)ရပ်ကွက်၊ဒလမြို့နယ်၊ဦးထွန်းအောင်ကျော်(၁၂/ရကန(နိုင်)၀၁၉၄၀၁) အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားအမည်ပေါက်(ခင်ပွန်း)ကွယ်လွန် သဖြင့်အမွေဆက်ခံခွင့်ရှိသောတစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်း ကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊နိုင်ငံသားစိစစ် ရေးကတ်ပြား၊အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ဒေါ်တင်ဦးကြွယ်(၁၂/ ရကန(နိုင်)၀၁၉၄၁၉)မှအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံ ကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့် ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ် ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)**
**မရမ်းကုန်းခရိုင်တရားရုံး**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၂**

| | | |
|---|---|---|
| ဦးရှင်းရှင်းဆွေ (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးပိုင်ဆက်အောင်) | နှင့် | ၁။ ဒေါ်ကိုင်မေ ၂။ ဦးသန်းဇော် |
| ( တရားလို) | | ( တရားပြိုင်များ) |

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်း ရပ်ကွက်၊ စက်ရုံလမ်း၊ အမှတ်(၃၀၁)၊ တိုက်(P) နေ (၁)တရားပြိုင် ဒေါ်ကိုင်မေ နှင့် (၂)တရားပြိုင် ဦးသန်းဇော် (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။**

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း ကျန်ငွေလက်ခံ၍ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး ပိုင်ဆိုင်မှုစာရွက်စာတမ်းများအပါအဝင် မြေကွက်နှင့် နေအိမ်အား လက်ရောက်ပေးအပ်စေလိုမှု (သို့မဟုတ်) ပေးအပ်ထားသော ရောင်းဖိုးငွေကျပ်သိန်း (၁၀၅၀၀)၊ စာချုပ်ပါအတိုင်း စရန်ငွေ(၂)ဆ ဖြစ်သော ငွေကျပ်သိန်း(၆၀၀၀)နှင့်နစ်နာကြေးငွေကျပ် သိန်း(၅၀၀၀)၊ စုစုပေါင်းငွေကျပ်သိန်း(၂၁၅၀၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ် နိုဝင်ဘာလ ၄ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဤရုံးတံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး (၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၁/ကံဘဲ့၊ မြေကွက် အမှတ်- ၃/၂၆၊ ဧရိယာ (၀.၀၃၆) ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၄၊ ကံ့ကော်မြိုင် (၂)လမ်း၊ (၈) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဒေါ်တင် တင်စန်း [၁၂/ဥကတ(နိုင်) ၀၄၄၂၂၃] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအား အမည်ပေါက် ဒေါ်တင်တင် စန်း (ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်း ဖြစ်သူ ဦးတင်အုံး [၁၀/မလမ(နိုင်) ၁၅၅၁၅၃]မှ ကွယ်လွန်သူ ဇနီး ဒေါ်တင်တင်စန်းတွင် တစ်ဦးတည်း သော တရားဝင် ခင်ပွန်းဖြစ်သူ မိမိသာလျှင်ရှိပါကြောင်း၊ မိမိမှလွဲ၍ အခြားသော ခင်ပွန်း၊ ယောကျ်ား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ တရားဝင် အမွေဆက်ခံ ပိုင်ဆိုင်ပါ ကြောင်းနှင့် မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ် ယောက်မျှမရှိပါကြောင်း၊ မိမိ၏ ဖခင်အမည်မှာ မိမိ၏နိုင်ငံသားကတ် တွင် ဦးထွန်းဟံဟုလည်းကောင်း၊ အိမ်ထောင်စု လူဦးရေစာရင်းတွင် ဦးထွန်းဟန်ဟုလည်းကောင်း အမည် အားဖြင့် (၂)မျိုး ပေါ်ပေါက်နေသော်လည်း လူပုဂ္ဂိုလ်အားဖြင့် တစ်ဦး တစ်ယောက် တည်းသာလျှင်ဖြစ် သည်မှာ မှန်ကန်ပါကြောင်း (၄-၉-၂၀၂၄)ရက်စွဲပါ တရားရုံးကျမ်းကျိန် လွှာ၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂) စောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာ အပ်ပါသည်။ **ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်**
**မူးယစ်ဆေး**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်ရွှေလေး [၁၄/ဇလန(နိုင်)၀၁၂၃၀၇၁] နှင့် ဒေါ်မြမြ[၁၄/နေဖ(နိုင်)၀၁၁၃၃၅]တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ မြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ ရွှေစေတီ(၁)လမ်းသွယ်ရှိ ဒေါ်မေသန်းနွယ် ပိုင်ဆိုင်သော (၁၄x၄၀)ပေ အိမ်ခြံမြေအား (၂၆-၉-၂၀၂၄)ရက်နေ့တွင် အရောင်း အဝယ်စာချုပ်ပြုလုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက် သည့် ပိုင်ဆိုင်မှု အထောက်အထားများဖြစ်သည့် အရပ်ကတိ အရောင်းအဝယ် စာချုပ်မူရင်းများအား ကျွန်ုပ်မိတ်ဆွေများသည် သမီးဖြစ်သူထံ ပို့ဆောင်ရာမှ လမ်းတွင် ပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် အဆိုပါအိမ်ခြံမြေအား ကျွန်ုပ် မိတ်ဆွေများမှသာ အမှန်တကယ်ပိုင်ဆိုင်ခြင်း ဖြစ်ပါကြောင်းနှင့် ပျောက်ဆုံး သွားသောစာရွက်စာတမ်းများနှင့် ပတ်သက်ပြီး ပြဿနာ တစ်စုံတစ်ရာဖြစ်ပေါ် ပါက ကျွန်ုပ်မိတ်ဆွေများမှ တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေလေး နှင့် ဒေါ်မြမြတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းဝေအောင်**
**လိုင်စင်အမှတ်-၁၀၇၄၅**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇေယျာလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။**
**ဖုန်း - ၀၉-၄၂၅၉၂၉၂၃၊ ၀၉-၇၆၅၁၀၅၁၁၂**

---

## ဒေါ်အေမီမြင့် သိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် (၁၂၈)နေ ဒေါ်နန်းဟွမ်လှိုင် [၁၃/ပလတ(နိုင်)၀၀၃၀၇၇] ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ ဒေါ်အေမီမြင့် သိစေရန်ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဒေါ်နန်းဟွမ်လှိုင်သည် ဖြူဖွေးသန့် (ပင်မင်းလုပ်ငန်း) ပိုင်ရှင်ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ပင်မင်းလုပ်ငန်းတွင် ဒေါ်အေမီမြင့်သည် (၁၂-၉-၂၀၂၄)ရက်နေ့တွင် Senior Accountant ရာထူးဖြင့် ဝင်ရောက် အလုပ်လုပ်ကိုင်ခဲ့ပါသည်။ ဒေါ်အေမီမြင့်သည် ငွေကိုင်တာဝန်ထမ်းဆောင်နေ စဉ်အတွင်း ငွေစာရင်းများ ကွာဟနေသည်ကို သိရှိခဲ့သော်လည်း ကျွန်ုပ်၏ မိတ်ဆွေထံတွင် ဖြေရှင်းပေးခြင်းမရှိဘဲ တာဝန်မဲ့စွာ အလုပ်မှ ထွက်သွားပါသည်။ ဒေါ်အေမီမြင့်မှ တာဝန်ထမ်းဆောင်စဉ်က ငွေစာရင်းများကို ကျွန်ုပ်မိတ်ဆွေ ထံသို့ ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း အမြန်ဆုံးလာရောက်စာရင်း ရှင်းလင်းပေးပါရန်နှင့် ဒေါ်အေမီမြင့်မှ လာရောက်ဖြေရှင်း ပေးခြင်းမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါ သည်။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးတင်လှိုင်ထွေး B.A(Law), LL.B** | **ဒေါ်ငုဝါဝင်း LL.B** |
| **(စဉ်-၂၁၃၆/၈၁)** | **(စဉ်-၁၅၇၉၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၆၉၊ မြေကွက်အမှတ်-၁၂၀၂၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိမြေကွက်မှာ ဦးကြည်ရွှေ အမည်ပေါက်ပါမစ် မြေကွက်ဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရောက် ထားပြီး ရောင်းပိုင်ခွင့်ရှိသူ ဦးမျိုးမင်းစိုး [၁၄/မအပ(နိုင်)၁၄၆၃၃၄] က ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမောင်နု [၁၀/ရမန(နိုင်)၀၁၆၄၅၅]သို့ အပြီးအပိုင် တရားဝင် လွှဲပြောင်းရောင်းချခဲ့ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း။

**ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးတင်လှိုင်ထွေး B.A(Law),LL.B** | **ဒေါ်ငုဝါဝင်း LL.B** |
| **(စဉ်-၂၁၃၆/၈၁)** | **(စဉ်-၁၅၇၉၈)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၀/၁၂၊ ပထပ်၊ အခန်းအမှတ်-၁၀၃(I)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ အင်းယားလမ်းနှင့် ဇောမိရိပ်သာလမ်းထောင့်၊ ရတနာအင်းယားကွန်ဒို အဆောက်အဦဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀၀၀) စတုရန်းပေခန့်ရှိ အမှတ် - ၃၀/ဘီ-၁၊ (၈-လွှာ)၊ အခန်းအမှတ်(၃၀၁)၊ ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒို တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား (၁၅-၉-၂၀၁၁) ရက်စွဲပါ ဆက်စပ် စာချုပ်အရ ရောင်းသူ ဒေါ်ခင်အေး [၁၂/ပဘတ(နိုင်)၀၁၇၂၁၈]မှ လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ကွန်ဒိုတိုက်ခန်းဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## အမွေစား အမွေခံ သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဦးနေကျော် (ခ) ဖထီးနှင့် ဒေါ်ကြည်ဝင်း (ခ) အမိုး၏ သမီးဖြစ်သူ မဖြူဖြူကျော် [၁၂/ဗဟန(နိုင်)၀၈၈၂၆၃]သည် မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်ကာ သားသမီးဝတ္တရားပျက်ကွက်ခြင်း၊ ဥစ္စာငွေကြေးများ တိတ်တဆိတ်ယူဆောင်ခြင်း။ မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘနှင့် ညီအစ်ကို မောင်နှမများ၊ စိတ်ဆင်းရဲ အရှက်ရစေသော လုပ်ရပ်ကို ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပါသဖြင့် (၂၅-၁၀-၂၀၂၄) ရက်နေ့မှစ၍ အမွေစားအမွေခံ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

**ဦးနေကျော် - ဒေါ်ကြည်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်ဒင် (LL.B)** | **ဒေါ်ဝေဝေလွင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၃၁)** | **အထက်တန်းရှေ့နေ(စဉ်-၄၆၈၀၉)** |

**အမှတ်(၄၆)၊ မြလမ်း၊ ကျိုက္ကသံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၅၄၀၂၇၇၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂

**ဦးပိုက်ဂျွန်းစေလမွန် (ခ) ဦးဌေးဝင်း** (တရားလို) နှင့် **ဦးရန်နိုင်** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈/၁)ရပ်ကွက်၊ ကနောင်မင်းသားကြီးလမ်း၊ အမှတ်(၄၀၈/က)နေ တရားပြိုင် **ဦးရန်နိုင်** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးပိုက်ဂျွန်းစေလမွန် (ခ) ဦးဌေးဝင်းက **"ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူ မြေနှင့် ဂိုဒေါင်အဆောက်အဦ အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"**ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရဲသူ)**
**ဒုတိယမြို့နယ်တရားသူကြီး( ၂ )**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃၁ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၁၈၆

ဦးမောင်မောင်လွင် (၎င်း၏တရားဝင်ကိုယ်စားလှယ်- ဒေါ်စန်းဖြူဖြူ) **(တရားနိုင်)** နှင့် ဒေါ်ခွါညိုမြင့် **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးထွန်းငြိမ်းလမ်း၊ အမှတ်-(၉က-၈) နေ (ယခုနေရပ်လိပ်စာမသိသူ) တရားရှုံး ဒေါ်ခွါညိုမြင့် သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရဲကိုကို)**
**ဒုတိယခရိုင်တရားသူကြီး( ၂ )**
**မရမ်းကုန်းခရိုင်တရားရုံး**

## မတည်ရင်းနှီးငွေလျှော့ချကြောင်းကြေညာခြင်း

BOE YADANAR INDUSTRY CO.,Ltd (15-10-2024)ရက်တွင် ကျင်းပသော ရှယ်ယာရှင်များ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ၊ မတည်ရင်းနှီးငွေ ကျပ်သိန်း(502)မှ ကျပ်သိန်း(150)သို့လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**
**Boe Yadanar Industry Co.,Ltd**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၅၉၃၊ ၁၅၀၀ စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်(၅၉၃)၊ စပယ်(၃)လမ်း၊ (၄)ရပ်ကွက်၊ ဒေါ်တင်ရီ(BT- ၀၀၂၄၄၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်တင်ရီ(မိခင်)သည် (၁၀-၅-၂၀၁၇)ရက်နေ့တွင် လည်းကောင်း၊ ဦးလှတင်(ဖခင်)သည် (၁၈-၈-၂၀၁၅)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့ သဖြင့် ဒေါ်မြင့်မြင့်စန်း [၁၂/ဥကမ(နိုင်) ၀၅၀၃၇၃] မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း၊မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၈၃၁/၂၀၂၄(၂၇-၆-၂၀၂၄)၊ ထောက်ခံ ကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်တင်တင်ဝင်း [၁၂/အလန(နိုင်)၀၃၄၁၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၀)၊ မြေကွက်အမှတ်(၈၄၉)၊အလျား(၄၀)ပေxအနံ(၆၀)ပေရှိ နှစ်(၆၀)ဂရန်၊ ဦးသိန်းပန်အမည်ပေါက်မြေကွက်ကို တူမရင်းဖြစ်သူ ဒေါ်တင်တင်ဝင်းအား ဦးသိန်းပန် [၁၂/အလန(နိုင်)၀၃၁၈၄၈] က"မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်" ဖြင့် အပိုင်ပေးကမ်းခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ် မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အခြားသူများက ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ အထက်ဖော်ပြပါ မြေကွက်ထဲသို့ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ မတရားတားဆီးပိတ်ပင်ခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်လာပါက ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ချောစု ( LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၈)**
**ဖုန်း- ၀၉-၄၂၅၂၇၆၅၇၇၊ ၀၉-၇၅၆၆၀၃၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ်(၁၃) ဟုခေါ်တွင်သည့် မြေ၊ အဆောက်အဦနှင့် အခြားမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအရပ်ရပ်**နှင့်စပ်လျဉ်း၍ အဆိုပါ ပစ္စည်းစာရင်း၌ အမည်ပေါက်/လက်ရှိထားပိုင်ဆိုင်နေထိုင်သူ **ဒေါ်ခင်စန်း(ဘ-ဦးဖိုးစော) [၁၂/အလန(နိုင်)၀၁၈၆၆၇]** က ၎င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့်ဥပဒေနှင့်အညီ ရောင်းချ၊ လက်ရောက် အပ်နှင်းမည်ဖြစ်ကြောင်း အဆိုပြုလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေတစ် စိတ်တစ်ဒေသ ပေးချေ၍ နှစ်ဦးသဘောတူ စရန်ပေးစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများအနေဖြင့် ဤသတင်းစာကြေညာပါရှိသည့်နေ့မှ တစ်ဆက်စပ်တည်းဖြစ်သော (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်ရန်ဖြစ်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနန္ဒမျိုးအောင်(LL.B) (DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၉၄/၃၀-၁၁-၂၀၂၃)**
**အမှတ်(၄၆)၊ သစ်တောလမ်း၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-428935929, 09-699184983**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ - ၂၀)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၇

**ဦးနိုင်နိုင်လင်း** (တရားလို) နှင့် **ဦးအောင်ညွှန့်** (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက်၊ မင်းရဲကောင်းပုံလမ်း၊ အမှတ်-(၁၄၇၃/က)နေ ဦးအောင်ညွှန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးနိုင်နိုင်လင်းက "မြေကွက်နှင့်နေအိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀) နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်ပါသည်။

**(ထင်လင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆၈/၄၊ မြေကွက်အမှတ်-၂၉ ဖြစ်သော အမှတ်-၂၉၊ မနောသုခလမ်း၊ (၁၆၈) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ဧရိယာ(အလျား ၄၀' x အနံ ၆၀') အကျယ်ရှိ ဦးအောင်ကျော်ဦး(ခ) သန်းကျော်+၁ တို့အမည်ပေါက်နှစ် ( ၆၀ ) မြေငှားဂရန် မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူများ ဖြစ်ကြသော ဦးအောင်ကျော်ဦး (ခ) သန်းကျော် [၇/ညလပ (ပြု) ၀၀၀၀၀၁] နှင့် ဦးသိန်းဇော်ဝင်း [၁၂/လကန (နိုင်) ၀၀၁၇၇၀] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆုမြတ်မွန် (LL.B, D.B.L, D.I.L)** | **ဒေါ်သူဇာထွေး (LL.B, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၁၈)** |

**အမှတ် - ၁၀/၁၂ ၊ မြေညီထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၄၅၄၃၀၊ ၀၉-၄၅၀၀၄၄၆၉၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၉၈/ပဲမှီကုန်း၊ မြေကွက်အမှတ်- ၈၈/ဇ၊ ဧရိယာ (၀.၁၆၅) ဧက၊ မြေကွက်တည်နေရာ အမှတ် - ၁/၂၊ နှင်းဆီလမ်း၊ ထန်းပင်ကုန်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးလှသိန်း [၉/မကန(နိုင်)၀၀၈၀၄၇] အမည်ပေါက်၊ B-မြေပိုင်မြေ မြေအား အမည်ပေါက် ဦးလှသိန်း (ခင်ပွန်း) သည် (၁၄-၈-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်ခင်မာမြင့် [၉/မကန(နိုင်)၀၀၇၉၉၅] မှ တရားဝင်ဇနီးတော်စပ်ကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဇနီးဖြစ်သူ ၎င်းမှသာလျှင် အမွေဆက်ခံ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါကြောင်း၊ အခြား အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထပ်ဆင့် ကျမ်းကျိန်လွှာ (၂)စောင်၊ အမည်ပေါက် စာချုပ်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အစ္စလာမ့်ဥပဒေအရကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ဒေါ်ဟန်နီဝင်း(ခ)အုမ္မေဟာနီ [၁၂/ဗဟန(နိုင်)၁၀၆၄၀၅]နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သော ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၃ လမ်း၊ အမှတ် ၁၁၊ မြေညီထပ်နေ ဦးဇော်ဝင်းထွန်း (ခ) အဟ်မဒ်ရှိုက်ခ် [၁၂/တမန(နိုင်)၁၁၅၉၈၆]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ဒေါ်ဟန်နီဝင်း (ခ) အုမ္မေဟာနီကို ၅-၁၀-၂၀၂၃ ရက်နေ့တွင် သွလာက် (၁)ကြိမ် ပေးခဲ့ခြင်းဖြင့် ကွာရှင်းပြတ်စဲခဲ့ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲခဲ့ခြင်းအပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ် (ဗဟို)၊ အစ္စလာမ့်ရေးရာဓမ္မသတ်ခုံရုံး၌ ဓမ္မသတ်မေးမြန်းခဲ့ရာ အဆိုပါခုံရုံး၏ ၁၈-၁၀-၂၀၂၄ ရက်စွဲပါစာအမှတ်၊ ၀၈၇/၂၄/ဓမ္မ/ မလ၀-ဗဟ၊ ဓမ္မသတ်ဆုံးဖြတ်ချက်အရ ကျွန်ုပ်မိတ်ဆွေပေးခဲ့သော သွလာက်(ကွာရှင်းမှု)သည် သွလာကေဗာအင်န် (ပြန်လည်သိမ်းပိုက်ခွင့်မရှိသော သွလာက်)ဖြစ်၍ ကွာရှင်းမှုအထမြောက်ကြောင်း ပြန်ကြားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဝင်းထွန်း(ခ)အဟ်မဒ်ရှိုက်ခ်နှင့် ဒေါ်ဟန်နီဝင်း(ခ)အုမ္မေဟာနီတို့၏ နိကာဟ်ထိမ်းမြားမှုမှာ ပျက်ပြယ်သွားပြီးဖြစ်၍ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေသည် ဒေါ်ဟန်နီဝင်း (ခ) အုမ္မေဟာနီနှင့် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ပါကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇင်လတ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၆၇၄)**
**အမှတ် ၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ ရှုခင်းသာမြို့ပတ်လမ်း၊ အမှတ် (၁၄၂)ဟု ခေါ်တွင်သည့် ၂-ခန်းတွဲ၊ (၆) ထပ်တိုက်၏ (ပဉ္စမထပ်-အေ) (၁၂ ½ ပေ x ၅၀ ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးတင်မြင့် [၁၂/အစန(နိုင်)၁၄၆၂၈၁]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ် ပြုလုပ်မည့်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်း (မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်ပြည့်မြောက်သောနေ့ကို နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စအား ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးမိုးအေး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၂)**
**အမှတ် (၅၆)၊ ပါရမီလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၄၆၈၃၈၅၂**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၆)၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ် (၁၃၀၅) ဟုခေါ်တွင်သော ဒေါ်မြဝင်းအမည်ပေါက်သည့် ပါမစ်မြေ အမျိုးအစား၊ မြေအကျယ်(၄၀x ၆၀) ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကျန်ကျိန်မေ [၁၃/လရန(နိုင်)၁၀၂၈၃၇]မှ အဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်း [၁၂/ဥကတ(နိုင်) ၂၁၇၃၀၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ -** |
| **ဦးနေလင်း** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၄၆၀)** |

**အမှတ် (၈၁၈)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၆၃၂၂၀၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇) ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ် (၁၁၆) ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၈) ထပ်တိုက်၏ ပဉ္စမထပ် (၆-လွှာ/ဘီ)၊ အကျယ်အဝန်း (၁၂ ½ x ၅၀) ပေရှိ တိုက်ခန်း (တစ်) ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဒေါ်နုနုဝင်း [၁၂/ကမရ(နိုင်)၀၅၄၁၄၄] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်း ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း (မူရင်း) များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စိုးစိုးမြင့်** | **ဒေါ်အိဖြိုးဇင်** |
| **LL.B (စဉ်-၁၀၀၆၃)** | **LL.B, DBL (စဉ်-၁၅၉၇၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **ဖုန်း-၀၉ - ၄၂၀၃၅၉၆၃** | **ဖုန်း-၀၉ - ၇၉၀၁၂၄၈၀** |

**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၅-ရပ်ကွက်၊ မြေတိုင်းအမှတ်-၄/၅၊ မြေကွက်အမှတ်(၅၀၅+၅၀၆)၊ဧရိယာ(၀.၀၆၈)ဧကအလျား(၆၀)ပေ၊အနံ(၅၀)ပေ၊ နှစ်(၆၀) ဂရန်မြေ အမည်ပေါက် **ဦးကျော်ဝင်း (LTA-၀၀၅၈၅၅)** နှင့် မြေတိုင်းအမှတ်-၄/၆၊ မြေကွက်အမှတ်(၁၄၂၃+၁၄၂၄)၊ ဧရိယာ(၀.၀၆၈)ဧက၊ အလျား(၆၀)ပေ၊ အနံ(၅၀)ပေ နှစ်(၆၀)ဂရန်မြေ အမည်ပေါက် **ဒေါ်သန်းသန်းနု(MGN-၁၇၉၂၉၇)**တို့ထံမှ **ဒေါ်မြမြအေး (၉/မခန(နိုင်) ၁၂၄၉၅၁)** မှ ဝယ်ယူခဲ့၍ လက်ရှိပိုင်ဆိုင်သူဖြစ်ပြီး အရှုပ်အရှင်းကင်းကြောင်းကို ဝန်ခံကတိပြု၍ ယခုအခါအပြီးအပိုင်ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေ **ဒေါ်သင်းမြမြထွေး (၁၂/မဂဒ(နိုင်)၁၄၅၆၉၀)** က ဝယ်ယူရန် စရန်ငွေတစ်ချို့ပေးအပ်ထားပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်စာချုပ်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝင်းပွင့်သွယ် (LL.B)**
အထက်တန်းရှေ့နေ (စဉ်-၅၃၇၂၆)
ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၃၁၂၂၈၈၀

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မင်္ဂလာဒုံခရိုင်တရားရုံးတော်
## ၂၀၂၄- ခုနှစ်၊ ဓာရီမှုအမှတ်- ၃၂။

| | | |
|---|---|---|
| Tun Commercial Bank Limited (၎င်းကိုယ်စား ဦးသူရိန်ဝင်း) | နှင့် | ဒေါ်အေးအေးအောင် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးဘိုဘိုမွန်စိုင်း) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မင်္ဂလာဒုံခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်- ၃၁၂/၂၀၂၂ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသောပစ္စည်းကို **၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၆)ရက်၊ နံနက် (၁၀:၀၀)နာရီတွင်** ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုနိုင်ရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီး နောက်ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(အောင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

### ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ထောက်ကြန့်တိုးချဲ့ (၃)၊ မြေကွက်အမှတ်- ၂၉၊ ဧရိယာ (၀.၀၂၈)ဧက၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်- ၃/၂၉၊ မြသီတာလမ်း၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ရှိ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်။

**ကြမ်းခင်းဈေး ငွေကျပ်သိန်း-(၁၁၀၀) (ကျပ်တစ်ထောင့်တစ်ရာသိန်းတိတိ)**

## ဝန်ထမ်းအလိုရှိသည်

စားသောက်ဆိုင်လုပ်ငန်း

လစာ + ရက်မှန်ကြေး + ဘောနပ်

(ရန်ကုန်မြို့တွင်း)

**ဆက်သွယ်ရန်-**

**နံနက်(၉:၀၀)နာရီမှ ညနေ (၆:၀၀)နာရီ**

**Ph: 09-776028373**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Estate ရှိ မြို့တော်အိမ်ရာ၊ (City Villas)၊ အမှတ်- CV-191 ၊ ခန့်မှန်းဧရိယာ (၂၄၀၀) စတုရန်းပေအကျယ်ရှိ မြေကွက်သည် ဦးဟွမ်ကျားချန် [၁၃/လကန(နိုင်) ၀၁၆၄၆၅]မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းပေါ်ရှိ အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်အပြီးအပိုင် ရောင်းချရန်ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ (စဉ်-၇၁၂၄)　ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ဒီကရီအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၂၂)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇ နှင့် ဆက်နွယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဓာရီမှုအမှတ် - ၅၇

| | | |
|---|---|---|
| ဦးအေးစိုးဦး | နှင့် | ၁။ ဦးမောင်မောင် |
| | | ၂။ ဦးပေါက်ဝေ(ခ)ဦးကျော်ကျော် |
| **(ဒီကရီအနိုင်ရသူ)** | | **(တရားရှုံးများ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၈) ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၃၈၁)နေ (၁)တရားရှုံး ဦးမောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၇ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ဦးအေးစိုးဦးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄ ရက်) မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ဝင်းမြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၂၂)
